# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့ (5-5-2013) (၇၄၇၁)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

**မိုးရွာသွန်းမှု**

(၄-၅-၂၀၁၃)
နေပြည်တော်
သုည ဒသမ ၅၉ လက်မ
မော်လိုက်
၁ ဒသမ ၃၄ လက်မ
တမူး
၁ ဒသမ ၃၀ လက်မ
ဟုမ္မလင်း
၁ ဒသမ ၀၆ လက်မ

# ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခွင့်ပြုရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများ လိုက်နာရမည့် တင်ဒါစည်းကမ်းချက်များ ထုတ်ပြန်

နေပြည်တော် မေ ၄

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်စေရန် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ဆန်းစစ်ခံနိုင်မှု ရှိစေရန်အတွက် နိုင်ငံတော်သမ္မတရုံးက ဧပြီ ၅ ရက်တွင် နိုင်ငံတော်၌ သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရေး ဆောင်ရွက်ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများလိုက်နာရမည့် တင်ဒါစည်းကမ်းချက်များကို ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ တင်ဒါစည်းကမ်းချက်များမှာ-

(က) တင်ဒါအတွက် တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးလုပ်ငန်းကော်မတီ၊ တင်ဒါစိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးကော်မတီ အစရှိသည့် လိုအပ်သောကော်မတီများဖွဲ့စည်းပြီး စည်းမျဉ်းစည်းကမ်း အသေးစိတ်သတ်မှတ်၍ လိုက်နာဆောင်ရွက်ရမည်။

(ခ) တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီများ ဖွဲ့စည်းသည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်သော တင်ဒါလုပ်ငန်းမျိုးဖြစ်ပါက တင်ဒါစနစ်ဖြင့် ခေါ်ယူသည့် လုပ်ငန်းများအပေါ်တွင် တာဝန်ယူမှု၊ ပူးပေါင်းပါဝင်မှုနှင့် လေ့လာသုံးသပ်အကြံပြုဆန်းစစ်ချက်များ ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းရမည်။

(ဂ) တင်ဒါလုပ်ငန်းများအပေါ် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ဖွဲ့စည်းထားသည့် ကော်မတီအသီးသီး၏ တင်ဒါခေါ်ယူခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ တိတိကျကျ သတ်မှတ်ဆောင်ရွက်ရမည်။

(ဃ) ဈေးနှုန်းများကို တန်ဖိုးအနည်းအများအလိုက် စာရင်းရေးသွင်းပြီး တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ တင်ဒါဈေးနှုန်းစိစစ်ရမည်။ လိုအပ်ပါက ဈေးနှုန်းစိစစ်ရန် နေ့ရက်သတ်မှတ်ပြီး တင်ဒါတင်သွင်းလာသော ပုဂ္ဂိုလ်များကို တစ်ပြိုင်တည်းဖိတ်ခေါ်ပြီး စိစစ်ရမည်။

(င) ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းစွာဖော်ပြပြီး နိုင်ငံပိုင်သတင်းစာများတွင် ရက်သတ္တ (၁)ပတ်ခန့် သိသာထင်ရှားစွာ ကြော်ငြာ၍ သတ်မှတ်ရက်ထက် အနည်းဆုံး (၁)လကြိုတင်ပြီး အိတ်ဖွင့်တင်ဒါခေါ်ယူရမည်။

(စ) ၎င်းအပြင် ကြော်ငြာသင်ပုန်းနှင့် ဝန်ကြီးဌာန Website တို့တွင် (၂)ပတ်ကြိုတင်၍ ကြော်ငြာရမည်။

(ဆ) တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းများ၊ စံချိန်စံညွှန်းများအား ပြုစုပြီး တင်ဒါတင်သွင်းမည့်သူများသို့ ထုတ်ပေးခြင်း၊ မှတ်တမ်းထားရှိခြင်းများ ဆောင်ရွက်ရမည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒



# အင်းလေးဒေသမှ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

**သတင်းဆောင်းပါး-နိုင်ထွန်း(TGI)**
**ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)**

အင်းလေးကန်သည် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင်တည်ရှိသော ရေချိုရေတိမ် ဒေသဂေဟစနစ်ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၅၀ အမြင့်တွင်တည်ရှိပြီး ရေပြင်ဧရိယာ ၂၄ စတုရန်းမိုင်၊ ကျွန်းမျောများ ၁၅ စတုရန်းမိုင်၊ လူနေထိုင်မှု သုံးစတုရန်းမိုင်နှင့် စိုက်ပျိုးမြေ ရှစ်စတုရန်းမိုင် စုစုပေါင်း ၆၃ စတုရန်းမိုင်သာကျန်ရှိတော့သဖြင့် မူလကရေပြင်ဧရိယာ ၁၀၀ စတုရန်းမိုင်မှ ၂၇ စတုရန်းမိုင်ခန့် လျော့နည်းသွားပြီး နွေရာသီ ရေနည်းချိန်များတွင် ၄၀ စတုရန်းမိုင်ခန့်သာ ကျန်ရှိတော့ကြောင်း ၂၀၀၇ ခုနှစ် တိုင်းထွာချက်များအရ သိရှိရသည်။ အင်းလေးကန်အတွင်း ပေါက်ရောက်သည့် သစ်တောအမျိုးအစားများ အနေဖြင့် ရေမဲ(မိုးမခ)၊ သပြေ၊ ရေထိမ်၊ ညောင်၊ ခံတက်၊ ပေါက်၊ ကသစ်၊ စစ်၊ ရေသင်းဝင်၊ လက်ပံ၊ ဒီးဒူး၊ မအူ၊ ကတွတ်၊ သဖန်းနှင့်ဝါးမျိုးများပေါက်ရောက်သည်။ ကန်ခြေရေတိမ်ပိုင်း၌ ကန်စွန်း၊ ကနဖော့၊ ပိန်း၊ ဗလချိုက်၊ ဖောင်းများ၊ ဗေဒါ၊ ဒိုက်၊ ဘဲစားမှော်များ ပေါက်ရောက်ပြီး ကန်အောက်ခြေ၌ ရေညှိ၊ ရေမှော်ပင်များ၊ ကျွန်းမျောရိုင်းများပေါ်တွင် ကိုင်း၊ ကျူ၊ ပိန်း၊ ဖောင်း၊ ငွေပန်း၊ ဇရစ်၊ ကန်စွန်း၊ ငှက်ပျောရိုင်း၊ အယ်ရိုး၊ ပိတ်စွယ်၊ ကနဖော့နှင့် မြက်မျိုးများ ပေါက်ရောက်ကြောင်း လေ့လာတွေ့ရှိရသည်။ ၎င်းအပင်များအပြင် ဆေးဖက်ဝင် ပရဆေးအပင် ပေါင်း ၅၀၀ ကျော်၊ မြေစိုက်သစ်ခွ ၂၃ မျိုးအပါအဝင် သစ်ခွအမျိုးပေါင်း ၁၃၄ မျိုး ပေါက်ရောက်ကြောင်း သစ်တောဌာနမှ မှတ်တမ်းတင်ထားကြောင်း သိရှိရသည်။ ကြိုးကြာငှက် အပါအဝင် ငှက်မျိုးစိတ် ၂၇၀ ကျော်၊ ကုန်းငှက် ၁၉ မျိုး၊ ရေပျော်ငှက် ၇၉ မျိုး၊ ဆောင်းခိုငှက် ၇၅ မျိုးနှင့် ဌာနေငှက် ၁၉၅ မျိုး နေထိုင်ကျက်စားပြီး လိပ်ပြာမျိုးစိတ်ပေါင်း ၉၃ မျိုးတွေ့ရှိရသည်။ ၎င်းအပြင် ကုန်းနေ၊ရေနေသတ္တဝါများဖြစ်သည့် တွားသွားသတ္တဝါမျိုး ၃၀ ခန့်၊ လိပ်မျိုးစိတ် သုံးမျိုး၊ ငါးမျိုးစိတ်များဖြစ်သည့် ငါးဖိန်း၊ ငါးတောင်နွယ်၊ ငါးခူရှင်ဖ၊ ငါးမြီးနီအပါအဝင် ခရု၊ ချေ၊ မျောက်ညို၊ တောယုန်၊ တောခွေး၊ ခွေးအ၊ တောကြောင်၊ ရှူးပုံ၊ လင်းဆွဲ၊ ပွေး၊ ကြွက်တို့လည်းပေါက်ပွားရှင်သန်နေထိုင်ကြသည်။

အင်းလေးကန်သည် အာဆီယံ ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ပြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့**❖



# မူးယစ်ဆေးသုံးစွဲခြင်း ရှိ၊ မရှိ စမ်းသပ်နိုင်မည့် ကိရိယာတီထွင်

**ဘာသာပြန်သတင်းလုလင်**

အော်စလို မေ ၄

မူးယစ်ဆေးဝါး သုံးစွဲထားခြင်း ရှိ၊ မရှိ အလွယ်တကူ စမ်းသပ်စစ်ဆေးနိုင်သော ကိရိယာတစ်မျိုးကို ဆွီဒင် သိပ္ပံပညာရှင်များက တီထွင်ထားပြီဖြစ်ကြောင်း ယနေ့ မီဒီယာသတင်းများတွင် ဖော်ပြသည်။

မူးယစ်ဆေးဝါးသုံးစွဲထားခြင်းရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်သော ကိရိယာကို တီထွင်နိုင်ခြင်းဖြင့် အနာဂတ်ကာလတွင် ကမ္ဘာတစ်ဝန်းရှိ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ ကိရိယာကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍




**မှန် ဒေါက်တာ**

တားမှန် မှန်စပေါ့ နှင့် အတ်ကြောင်းရှည်

U.S.

ဆိုင် ၁ - ဖုန်း: 09-4211 51119, 09-7312 0514

ဆိုင် ၂ - ဖုန်း: 09-7322 9563, 09-4237 23673

www.MhanDoctor.com facebook.com/MhanDoctor

ကြေးမုံစာတည်းရှုထောင့် ၅-၅-၂၀၁၃၊ တနင်္ဂနွေနေ့

# သဘာဝဘေးကာကွယ်ပေး

ယခုမေလ ပထမပတ်တွင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ လေထုမငြိမ်မသက်မှုဖြစ်နိုင်သည်ဟု မိုးလေဝသသတင်းများမှာ ဆိုထားပါသည်။ မြန်မာတစ်ပြည်လုံးတွင်မူ အများအားဖြင့် မိုးတိမ်တောင်များ ဖြစ်ထွန်းနိုင်သည်ဟု ဆိုပါသည်။

လက်ရှိတွင်လည်း မြန်မာပြည်အနှံ့အပြားမှာ မိုးတိမ်တောင်များဖြစ်နိုင်သည့် အနေအထားများပြီး အချို့ဒေသများတွင် အထူးသဖြင့် ညနေပိုင်းအချိန်အခါများ၌ မိုးတိမ်တောင်များဖြစ်ပေါ်ရာမှ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်းတို့ဖြစ်ပေါ်နေသည်ကိုတွေ့ရသဖြင့် ဒေသခံပြည်သူများအနေဖြင့် အထူးသတိထားနေထိုင်ကြရန် အသိပေးအပ်ပါသည်။

ယမန်နေ့ကဖြစ်ပွားခဲ့သည့် မိုးသက်လေပြင်းတိုက်ခတ်မှုများကြောင့် အချို့ဒေသများတွင် နေအိမ်အဆောက်အအုံများ ပျက်စီးသည့်အပြင်၊ သစ်ပင်များ ပြိုလဲခြင်းနှင့် လူသေဆုံးခြင်းအထိ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရပေသည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်အနည်းနှင့်အများကြုံတွေ့ရတတ်ပါသည်။ ထိုသို့ကြုံတွေ့တိုင်းလည်း အပျက်အစီးအဆုံးအရှုံးများ ဖြစ်ပေါ်လေ့ရှိပါသည်။ ဖြစ်ပေါ်တိုင်းလည်း နိုင်ငံတော်နှင့် လူမှုရေးအသင်းအဖွဲ့များက ကူညီကယ်ဆယ်မှုများကို ပြုလုပ်ပေးလျက်ရှိပါသည်။

မည်သည့်အရေးကိစ္စတွင်မဆို ဖြစ်ပွားပြီးမှ ဆောင်ရွက်ခြင်းထက် မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်ခြင်းက ပိုမိုကောင်းမွန်ပါသည်။ မြန်မာတို့၏ အလေ့အထမှာ ပြီးပြီးရောသဘောမျိုးထားရှိတတ်သည့်အတွက် ကူညီစောင့်ရှောက်မှုများ အမြဲတစေဆောင်ရွက်ပေးနေရလျက်ရှိပါသည်။

ကူညီစောင်မခြင်းသည် ကောင်းမွန်သောအလုပ်ဖြစ်သော်လည်း မိမိတို့သတိတရားလက်ကိုင်ထားပြီး ဆင်ခြင်နေထိုင်နိုင်၍ အပျက်အစီးအဆုံးအရှုံး နည်းပါးလျှင် ထိုနေရာအတွက် ကုန်ကျမည့် ကူညီထောက်ပံ့စရိတ်များကို အခြားလိုအပ်သောနေရာများတွင် ဖြည့်စွက်ဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုအကျိုးရှိထိရောက်မည်ဖြစ်ပါသည်။

သဘာဝဘေးဆိုသည်မှာ မည်သူမျှ မလွန်ဆန်နိုင်သော ကိစ္စရပ်ဖြစ်သော်လည်း ကြိုတင်သတိပြုဆင်ခြင် နေထိုင်တတ်ခြင်းဖြင့် မဖြစ်သင့်မဖြစ်ထိုက်၊ မကုန်သင့်မကုန်ထိုက်သော အလဟဿမဖြစ်နိုင်သည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ယမန်နှစ်က သဘာဝဘေးတစ်ခုကိုအပြင်းအထန် ကြုံတွေ့ခဲ့ရပါသည်။ ထိုသို့ကြုံတွေ့ခဲ့ရသော်လည်း လူအသေအပျောက်နှင့် ဆုံးရှုံးမှုနည်းပါးအောင် ကြိုတင်ပြင်ဆင်နိုင်ခဲ့သဖြင့် အချိန်တိုအတွင်း ပြန်လည်ထူထောင်မှုပြုနိုင်ခြင်း၊ အလုပ်အကိုင်မပျက် ပြန်လည်ရပ်တည်နိုင်ခြင်းဟူသည့် အကျိုးကျေးဇူးများရရှိခဲ့ပေသည်။

မိမိတို့နိုင်ငံတွင် ယခုအခါ ရာသီဥတုအပြောင်းအလဲနှင့် သဘာဝဘေးကြုံတွေ့နိုင်သည့် အခြေအနေများကို မြင်တွေ့နေရပေသည်။ ထို့ကြောင့် မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်ခြင်းဖြင့် နိုင်ငံအတွက်ရော၊ ပြည်သူအတွက်ပါ အကျိုးများမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူများတွင် အသိပညာဗဟုသုတများပြားဖို့ လိုအပ်သကဲ့သို့ ပြည်သူများ သိရှိနိုင်စေရန်အတွက်လည်း အသိပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်သည်။

ထိုသို့အသိပညာပေးရုံဖြင့်လည်း မလုံလောက်သေးဘဲ ပြည်သူများ သဘာဝဘေးနှင့် လွတ်ကင်းအောင်၊ နေထိုင်ပြုမူတတ်အောင်၊ သဘာဝဘေးကြုံတွေ့လာရပါကလည်း အန္တရာယ်ကင်းကင်း ရှောင်ကွင်းတတ်နိုင်အောင် လက်တွေ့ကျကျ သွန်သင်ပြသပေးကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် သဘာဝဘေးကာကွယ်ရေးနှင့် ပျက်စီးဆုံးရှုံးမှုနှင့် မကုန်သင့်မကုန်ထိုက်ဘဲ ကုန်ကျမှုမရှိစေရေးအတွက် ဒေသခံပြည်သူများ၊ ကူညီစောင့်ရှောက်ပေးလိုသူများအားလုံးတို့က နိုင်ငံတော်နှင့်လက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# ITOCHU Corporation မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၄**

ITOCHU Corporation ၏ နိုင်ငံတကာတွင်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မည့် အခြေအနေများ၊ အထူးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ အနာဂတ်တွင် ရင်းနှီးမြှုပ်နှံမှုအတွက် အလားအလာကောင်းသည့် သစ်သီးဝလံများစိုက်ပျိုးပြီး စည်သွပ်ဘူးဖြင့်ထုတ်လုပ်ရေး၊ နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာကဏ္ဍနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ပူးပေါင်း ဆောင်ရွက်နိုင်မည့် အလားအလာများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဂျပန်နိုင်ငံ ITOCHU Corporation ၏ President & CEO Mr. Masahiro Okafuji ဦးဆောင်သော အဖွဲ့နှင့် ယမန်နေ့မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ရန်ကုန်မြို့တွင်း အနော်ရထာလမ်းမကြီးတစ်လျှောက် လူကူးအချက်ပြမီးခလုတ်များ တပ်ဆင်ပြီးဖြစ်

**ရန်ကုန် မေ ၄**

ရန်ကုန်မြို့တွင်း လူစည်ကားရာနေရာများ၌ လမ်းသွားလမ်းလာမိဘပြည်သူများအန္တရာယ်ကင်းစေရန်နှင့် အဆင်ပြေစေရေးအတွက် ယခုအခါ အနော်ရထာလမ်းမကြီးတစ်လျှောက်ရှိ လူကူးမျဉ်းကျားများအနီးတွင် လူကူးအချက်ပြမီးခလုတ်များ တပ်ဆင်ပြီးစီးသည်ကို မေ ၃ ရက်ကတွေ့မြင်ရသည်။

လူကူးအချက်ပြမီးခလုတ်များ တပ်ဆင်ထားရာနေရာများမှာ အနော်ရထာလမ်းမကြီးနှင့် (၃၈) လမ်းဆုံရာနေရာ၌ လည်းကောင်း၊ အနော်ရထာလမ်းမကြီးနှင့် မဟာဗန္ဓုလပန်းခြံလမ်းဆုံရာနေရာ၌လည်းကောင်း၊ အနော်ရထာလမ်းမကြီးနှင့် ဗိုလ်ဆွန်ပက်လမ်းဆုံရာနေရာတို့၌ လည်းကောင်းဖြစ်ကြပြီး ယင်းနေရာများသည် လမ်းသွားလမ်းလာမိဘပြည်သူများ အများဆုံးဖြတ်သန်း သွားလာသောနေရာများလည်းဖြစ်ပေသည်။ အဆိုပါ လူကူးအချက်ပြမီးခလုတ်မှာ ရပ်/ကူး အချက်ပြ မီးခလုတ် မဟုတ်သလို လူကူး မျဉ်းကျားများအတွင်း လူကူးရန်အစဉ်အမြဲရှိနေသည့် သင်္ကေတကဲ့သို့ အချက်ပြ မီးခလုတ်များတပ်ဆင်ထားခြင်းဖြစ်သော ကြောင့် ယာဉ်မောင်းသူများအနေဖြင့် လူကူးမျဉ်းကျားအနီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ် ထားသော အရှိန်နှုန်းအတိုင်း မောင်းနှင်ရန်လိုအပ်နေပြီး မောင်း/ရပ်၊ အရှိန်နှုန်း လျှော့ရန်လိုအပ်နေကြောင်းလည်း သိရှိရသည်။

(စိုးဝင်း-MLA)

# မြန်မာ-ဂျာမနီ စီးပွားရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**ရန်ကုန် မေ ၄**

မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲလာမှုအပေါ် ဂျာမန်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် စိတ်ဝင်စားလျက်ရှိခြင်းနှင့် နှစ်နိုင်ငံစီးပွားရေးအဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခဲ့ကြခြင်းကိစ္စ၊ မြန်မာနိုင်ငံ၌ ဂျာမန်လုပ်ငန်းရှင်များအဖွဲ့ ဖွဲ့စည်း၍ စာချွန်လွှာပါ ရည်ရွယ်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ကိုယ်စားလှယ်ရုံးတစ်ခုဖွင့်လှစ်၍ စီစဉ်ဆောင်ရွက်သွားမည့်ကိစ္စတို့ကို မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး H.E. Mr. Christian-Ludwig Weber- Lortsch၊ ဂျာမနီနိုင်ငံ Association of German Chambers of Industry and Commerce (DIHK) မှ Deputy Chief Executive Officer, Managing Director, International Economic Affairs မှ Dr. Volker Treier တို့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင်များသည် မေ ၂ ရက် နံနက် ၁၀ နာရီတွင် အသင်းချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့












❑ရှေ့ဖုံးမှ

(ဇ) သတ်မှတ်ချိန်နေ့ရက်အတွင်း တင်ဒါတင်သွင်းခွင့်ပြုခြင်း သို့မဟုတ် တင်ဒါတင်သွင်းသူများအားလုံးကို ဖိတ်ခေါ်၍ တင်ဒါရွေးပွဲပြုလုပ်သည့်ခန်းမတွင် အိတ်ဖွင့်တင်ဒါ (Open Tender) များကို တင်ဒါပုံးထဲသို့ အများရှေ့မှောက်တွင်ထည့်ရမည်။ တင်ဒါပုံးခတ်သည့်သော့များအား တစ်ဦးတစ်ယောက်တည်းမှ ထိန်းသိမ်းခြင်းမပြုဘဲ လုံခြုံမှုရှိစေရေးအတွက် သော့ထိန်းသိမ်းသူများစုံညီမှ ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ရမည်။

(ဈ) သတ်မှတ်သည့်နေ့ရက်တွင်ကော်မတီအားလုံးနှင့် တင်ဒါတင်သွင်းသူများ ရှေ့မှောက်တွင် မျက်နှာစုံညီ တင်ဒါများဖွင့်လှစ်ရမည်။

(ည) တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ သက်ဆိုင်ရာ ကော်မတီများအားလုံးရှေ့တွင် သတ်မှတ်စည်းမျဉ်းစည်းကမ်းများ ညီညွတ်မှု ရှိ၊ မရှိ စိစစ်ကြေညာရမည်။

(ဋ) တင်ဒါကြမ်းခင်းဈေးနှုန်း တွက်ချက်သတ်မှတ်စဉ်ကပင် စာရင်းစစ်ချုပ်ရုံး စစ်ဆေးမည့် ဒေသန္တရ ဈေးနှုန်းနှင့်အညီ ကြိုတင်တွက်ချက်ပြီးဖြစ်သည့်အတွက် တင်ဒါတင်သွင်းသူများအား တွေ့ဆုံဈေးဆစ်ခြင်း မပြုတော့ဘဲ တင်ဒါစည်းမျဉ်းညီညွတ်သူများအနက် အနိမ့်ဆုံးဈေးပေးသွင်းသူအား ရွေးချယ်ရမည်။

(ဌ) တင်ဒါခေါ်ယူသော လုပ်ငန်းများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဆက်နွှယ်သော ကိစ္စရပ်များအတွက် နိုင်ငံတော်မှ လက်ခံကျင့်သုံးနေသည့် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စီမံဆောင်ရွက်ရမည်။

(ဍ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အခြေခံသဘောတရားများနှင့်အညီ အစိုးရ၊ လုပ်ငန်းရှင်ပြည်သူလူထု အကျိုးကိုရှေးရှု၍ အများလက်ခံနိုင်သည့် တင်ဒါလုပ်ငန်းများဖြစ်အောင် ဆောင်ရွက်ရမည်။

(ဎ) ဝယ်ယူရေးဆိုင်ရာ တင်ဒါများနှင့်စပ်လျဉ်း၍-

(၁) ဝယ်ယူမည့်ပစ္စည်းစာရင်းနှင့် စံချိန်စံညွှန်းများ (Specification) သတ်မှတ်ကြေညာရမည်။

(၂) ဝန်ကြီးဌာနများမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စက်ရုံနှင့် အလုပ်ရုံများမှ ထွက်ရှိသော ပစ္စည်းများကို ဦးစားပေးဝယ်ယူရန်နှင့် ယင်းပစ္စည်းများသည် မိမိဆောင်ရွက်မည့်လုပ်ငန်းနှင့် ကိုက်ညီခြင်းမရှိပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်နှင့်အတူ ပြင်ပမှဝယ်ယူရေးဆောင်ရွက်ရမည်။

(၃) မိမိနိုင်ငံအတွင်း၌ တရားဝင်ဖွင့်လှစ်ထားသော နိုင်ငံခြားကုမ္ပဏီများ၏ အရောင်းကိုယ်စားလှယ်ဆိုင်များမှ မှန်ကန်သည့်ဈေးနှုန်းဖြင့် ရရှိရေးအတွက် စိစစ်ဝယ်ယူရမည်။

(၄) နိုင်ငံအတွင်း တရားဝင်ကိုယ်စားလှယ်မရှိမှသာ ပြည်ပနိုင်ငံများမှ ဝယ်ယူရေးကို ဌာနမှ တိုက်ရိုက်သော်လည်းကောင်း၊ဈေးနှုန်းနှင့်ပစ္စည်းမှန်ပေးသွင်းနိုင်မည့် ကုမ္ပဏီကိုဈေးပြိုင်စနစ်ဖြင့် ရွေးချယ်၍သော်လည်းကောင်း ဆောင်ရွက်ရမည်။

(၅) ဈေးနှုန်းမှန်ကန်ရေးနှင့် အရည်အသွေးကိုက်ညီရေးတို့ကို စိစစ်ပြီး ကွဲလွဲချက်များတွေ့ရှိပါက တင်ဒါအောင်မြင်သူကို သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများအရ အရေးယူဆောင်ရွက်ရမည်။

(၆) စာချုပ်ပါအတိုင်းပစ္စည်းတင်သွင်းမှုမရှိဘဲ နောက်ကျပါက ယင်းသို့ နောက်ကျခြင်းအတွက် အရေးယူဆောင်ရွက်မည့် စည်းမျဉ်းစည်းကမ်းများကို စာချုပ်တွင်ထည့်သွင်းချုပ်ဆိုရမည်။

(ဏ) တည်ဆောက်မှုဆိုင်ရာ တင်ဒါများနှင့်စပ်လျဉ်း၍-

(၁) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်နိုင်ခြေ ရှိ၊ မရှိ ပဏာမ လေ့လာဆန်းစစ်မှုများ အခမဲ့ဆောင်ရွက်ပေးမည်ဟု ကမ်းလှမ်းလာက လက်ခံဆောင်ရွက်နိုင်သော်လည်း ယင်းသို့ ဆောင်ရွက်ပေးသည့်အတွက် ယင်းကုမ္ပဏီလုပ်ငန်းရှင်ကိုသာ လုပ်ငန်းအပ်နှံခြင်း ခွင့်ပြုမည်မဟုတ်ဘဲ ဈေးပြိုင်တင်ဒါကို အများနည်းတူ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(၂) ဝန်ကြီးဌာနများ၏ လိုအပ်ချက်များကို ပံ့ပိုးကူညီမှုများကြောင့် ဦးစားပေးဆောင်ရွက်ခြင်းမျိုးမဖြစ်စေဘဲ အများနည်းတူ မျှတသည့်ယှဉ်ပြိုင်အရွေးခံမှုမျိုးဖြစ်ရမည်။

(၃) အသုံးပြုသည့် ပစ္စည်းများသည် နိုင်ငံတွင်းမှဖြစ်ပါက ကုန်ကျစရိတ်များကို သက်ဆိုင်ရာဒေသအုပ်ချုပ်မှုအဖွဲ့အစည်း၏ ဒေသန္တရဈေးနှုန်းအတိုင်း တွက်ချက်တင်ပြရန်နှင့် စာရင်းစစ်ချုပ်ရုံးကစစ်ဆေးမည့် ဒေသန္တရ ဈေးနှုန်းဖြင့် စိစစ်ခြင်းခံရမည်ဖြစ်သည်။

(၄) နိုင်ငံခြားမှဝယ်ယူသောပစ္စည်းများဖြစ်ပါက ပင်ရင်းကုမ္ပဏီမှ ထုတ်ပြန်ထားသော ကုန်ဈေးနှုန်း အထောက်အထားများနှင့် သယ်ယူပို့ဆောင်ရေးဈေးနှုန်းများ၊ လုပ်ငန်းဆောင်ရွက်ခနှုန်းထားများကို တွက်ချက်တင်ပြရမည်။

(၅) ပစ္စည်းတန်ဖိုး၊လုပ်အားခများ၊မမျှော်မှန်းနိုင်သောအသုံးစရိတ်များကို အသေးစိတ်တွက်ချက်ဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ခ ရာခိုင်နှုန်းမည်မျှဖြင့်ဆောင်ရွက်နိုင်ကြောင်း ဖော်ပြပါရှိရမည်။

(၆) မမျှော်မှန်းနိုင်သော အသုံးစရိတ်နှင့်ပိုမိုကုန်ကျခဲ့သောပစ္စည်းတန်ဖိုး၊ သယ်ယူပို့ဆောင်ရေးစရိတ်များကို သုံးစွဲရပါက ဓာတ်ပုံမှတ်တမ်းများ၊ သက်ဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းများ၏ ထောက်ခံချက်နှင့်တကွ ကျိုးကြောင်းခိုင်လုံစွာ တင်ပြရမည်။

(၇) တင်ဒါရွေးချယ်ရာ၌ အဓိကထားရမည့် အောက်ပါစံသတ်မှတ်ချက်များအပေါ် မူတည်ရွေးချယ်ဆုံးဖြတ်ရမည်-

(ကက) ပစ္စည်းတန်ဖိုးအားလုံးအတွက် ဒေသန္တရဈေးနှုန်းသည် စာရင်းစစ်ချုပ်ရုံးက စစ်ဆေးလက်ခံမည့် ဈေးနှုန်းဖြစ်၍တင်သွင်းသူအားလုံး တစ်ပြေးညီဖြစ်ပြီး လုပ်အားခနှင့်လုပ်ငန်းရှင်၏ ဝန်ဆောင်စရိတ်အပေါ်တွင် ရာခိုင်နှုန်းအနည်းဆုံးပေးနိုင်သူကို ဦးစားပေးရန်၊

(ခခ) ကုမ္ပဏီအင်အားကြီးသော်လည်း (Sub Contract)ပေးခြင်းမျိုးရှိပြီး ကုမ္ပဏီငယ်သော်လည်း ကိုယ်တိုင်အရည်အသွေးကောင်းအောင် ကြိုးကြပ်လုပ်သူများရှိသည့်အတွက် ဈေးနည်းသော်လည်း အပယ်ခံရခြင်း၊ ဈေးကြီးသော်လည်း လုပ်ငန်းရပြီး(Sub Contract)ပေးခြင်းမျိုး မရှိရေးအတွက် ကတိကဝတ်အာမခံချက်နှင့် အရည်အသွေးစစ်ဆေးသည့်နည်းတို့ဖြင့် မှန်ကန်စွာရွေးချယ်ရန်၊

(ဂဂ) ဈေးအနည်းဆုံးပေး၍ ဈေးဖျက်သည့်သဘော ဝင်ရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီများကို ဝန်ကြီးဌာနအချင်းချင်း အသိပေး၍ မှတ်တမ်းတင်ထားပြီး ရွေးချယ်ခြင်းမပြုရန်၊

(ဃဃ) စာချုပ်တွင် ပြည့်စုံစွာအသေးစိတ်ဖော်ပြပြီး ဌာနနှင့်ပုဂ္ဂလိကတို့စာချုပ်စည်းကမ်းအတိုင်း လိုက်နာရန်နှင့် အငြင်းပွားမှုဖြစ်ပေါ်ပါက စာချုပ်ပါ စည်းကမ်းချက်အတိုင်း လိုက်နာရန်။

(တ) ဝန်ဆောင်မှုတင်ဒါများနှင့်စပ်လျဉ်း၍-

(၁) ပြည်သူလူထု၏ စားဝတ်နေရေးအဆင်ပြေစေရေးကိုရှေးရှုလျက် ကုန်ဈေးနှုန်းကြီးမြင့်နိုင်သည့် အခြေခံအချက်များကို ဖော်ထုတ်၍ ဆောင်ရွက်စေလိုသည့် ဈေးနှုန်းသတ်မှတ်ပြီး တင်ဒါအောင်မြင်သူမှ သတ်မှတ်ဈေးနှုန်းအတိုင်း ဆောင်ရွက်ရန်စည်းမျဉ်းစည်းကမ်းများသတ်မှတ်ရမည်။ (ဥပမာ-လမ်း၊ တံတားဖြတ်သန်းခကောက်ခံခြင်းတင်ဒါ)

(၂) သက်ဆိုင်ရာဒေသတွင် နေထိုင်သော ပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး အချက်များအပေါ်မူတည်၍ ဆောင်ရွက်ရမည်။

(၃) သတ်မှတ်ဈေးနှုန်းအတိုင်း ဆောင်ရွက်မှုမရှိခြင်းအပါအဝင် စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်ပါက ဆောင်ရွက်သွားမည့်နည်းလမ်းကို တင်ဒါယှဉ်ပြိုင်သူအားလုံးကို အသိပေးရမည်။

(၄) လုပ်ငန်းဆောင်ရွက်ရာတွင် အားနည်းမှုရှိခြင်း၊ လုပ်ငန်းစီမံချက်အတိုင်း မဆောင်ရွက်နိုင်ခြင်းများ စိစစ်တွေ့ရှိရပါက တင်ဒါခေါ်ယူရေးဗဟိုကော်မတီမှ အဖွဲ့ဖြင့်စစ်ဆေးပြီးဆောင်ရွက်မည့်နည်းလမ်းကို တင်ဒါစည်းမျဉ်းစည်းကမ်းများတွင် ဖော်ပြရမည်။

(၅) တင်ဒါရွေးချယ်ရန် အရည်အချင်းများ တူညီနေပါက သက်ဆိုင်ရာဒေသရှိ ပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများကို အထောက်အပံ့ဖြစ်စေမည့် ကုမ္ပဏီကို ဦးစားပေးရွေးချယ်ရမည်။

(ထ) ငှားရမ်းရောင်းချရေး တင်ဒါများနှင့်စပ်လျဉ်း၍-

(၁) အစိုးရဌာနများ၊ အဖွဲ့အစည်းများမှ ပုဂ္ဂလိကသို့ လွှဲပြောင်းဆောင်ရွက်သင့်သောလုပ်ငန်းများအား နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းထားသော ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ အမိန့်ကြော်ငြာစာပါ အချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(၂) အခြားကိစ္စများအတွက်-

(ကက) ငှားရမ်းခြင်း၊ ရောင်းချခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ဆောင်ရွက်မည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ခြေအဆင့်အထိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပြီး ငှားရမ်းခြင်း၊ ရောင်းချခြင်းတို့ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် နှစ်ဦးနှစ်ဖက်အဆင်ပြေအောင် ဆောင်ရွက်ရမည်။

(ခခ) ဈေးနှုန်းအများဆုံးပေးသူများ၏ အဆိုပြုဈေးနှုန်းချင်း တိုက်ဆိုင်တူညီနေပါက အဆိုပြုဈေးနှုန်းတူညီသူများထဲမှ အများဆုံးပေးနိုင်သူကို ယှဉ်ပြိုင်စနစ်ဖြင့် ရွေးချယ်ရေး စီမံဆောင်ရွက်ရမည်။

(ဂဂ) တင်ဒါတန်ဖိုးငွေအကြေပေးသွင်းပြီးပါက အဖွဲ့ဖြင့်လွှဲပြောင်းခြင်း၊ ထုတ်ပေးခြင်းပြုလုပ်ရမည်။

(ဃဃ) လုပ်ငန်းဌာနများရှိ နိုင်ငံပိုင်အဆောက်အအုံများ၊ ယာဉ်စက်ယန္တရားများ၊ သိုလှောင်ရုံများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ငှားရမ်းဆောင်ရွက်ခြင်းဖြစ်ပါက လုပ်ငန်းပြီးဆုံး၍ ပြန်လည်အပ်နှံသည့်အခါ ငှားရမ်းမှုစတင်စဉ်က အခြေအနေအတိုင်း ပြန်လည်အပ်နှံရေးအတွက် ဆောင်ရွက်ရမည်။

(ငင) လိုအပ်ပါက ပစ္စည်းထုခွဲရောင်းချ၊ ငှားရမ်းရေးကော်မတီ၊ ကြမ်းခင်းဈေးသတ်မှတ်ရေးကော်မတီများဖွဲ့စည်း၍ ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ရမည်။

(စစ) ငှားရမ်းဆောင်ရွက်မည့် အချိန်ကာလကို မူတစ်ရပ်အနေဖြင့် တင်ပြဆောင်ရွက်ရမည်။

(ဒ) ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းရှင်သည် တင်ဒါအောင်မြင်ပါက အာမခံကြေး ထားရှိရမည်ဖြစ်သော်လည်း အာမခံကြေးအဆုံးခံ၍ ဆက်လက်ဆောင်ရွက်ခြင်းမရှိတော့သည့်ကိစ္စမျိုး မဖြစ်ပေါ်ရေးအတွက် ငွေကြေးခိုင်မာမှုရှိခြင်း၊ ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းရှင်များ၏ ကိုယ်ရေးနောက်ကြောင်းကောင်းမွန်ခြင်းနှင့် ဝန်ထမ်းများသည် အသိအမှတ်ပြု ကျွမ်းကျင်သူပုဂ္ဂိုလ်များဖြစ်ခြင်းတို့ ရှိ၊ မရှိစိစစ်ရမည်။

(ဓ) အဆောက်အအုံ၊ လုပ်ငန်းသုံးပစ္စည်း၊ စက်ပစ္စည်းအစရှိသော ကုန်ဆုံးသက်တမ်း(Expire Date) သို့မဟုတ် အာမခံသက်တမ်း (Warrantee) သတ်မှတ်ရမည့် အမျိုးအစားများနှင့် စပ်လျဉ်း၍ တင်ဒါအောင်မြင်သူက တာဝန်ယူရမည့်ကိစ္စများကို တိကျစွာဖော်ပြရမည်။

(န) အရည်အသွေးစစ်ဆေးရေးကော်မတီမှ သတ်မှတ်ထားသော အရည်အသွေးများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေး၍ ကိုက်ညီမှုမရှိပါက တာဝန်ယူရန် သတ်မှတ်ဖော်ပြရမည်။ လုပ်ငန်းသဘောသဘာဝအရ အချို့မှာ နောက်ကြောင်းပြန်ပြုပြင်ရန်ခက်ခဲသည့်ကိစ္စရပ်များရှိသဖြင့် လုပ်ငန်းအားလုံးပြီးစီးမှ စစ်ဆေးခြင်းအစား ဆောင်ရွက်ဆဲကာလအတွင်းလုပ်ငန်းအဆင့်များသတ်မှတ်ကာ အရည်အသွေးစစ်ဆေးခြင်းဆောင်ရွက်ရမည်။

(ပ) Work Schedule ဖြင့်ဆောင်ရွက်ရပါက သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရမည်။ မဆောင်ရွက်နိုင်ပါက တာဝန်ယူမှုအပိုင်းကို တိကျစွာသတ်မှတ်ဖော်ပြရမည်။

(ဖ) ဈေးနှုန်းတည်မြဲမှုကာလသည် ဈေးနှုန်းလွှာပိတ်ချိန်မှ သုံးလအတွင်းတည်မြဲမှုရှိစေရမည်ဖြစ်ပြီး သုံးလကျော်လွန်ပါက နှစ်ဦးနှစ်ဖက်လက်ခံသော ကာလပေါက်ဈေးကို ပြန်လည်သတ်မှတ်ဆောင်ရွက်ရမည်။

(ဗ) လုပ်ငန်းအတွက် ငွေချေမှုစနစ်နှင့်စပ်လျဉ်း၍ နှစ်ဖက်လက်ခံနိုင်သည့်အချိန်ကို ကတိကဝတ်ပြု၍ ဆောင်ရွက်ရမည်။

(ဘ) နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(မ) တင်ဒါအောင်မြင်သောကုမ္ပဏီသည် တစ်ဆင့်ခံကန်ထရိုက် (Sub Contract) ထပ်မံလွှဲပြောင်းခြင်းမပြုရ။

(ယ) လုပ်ငန်းသဘောသဘာဝအရ အချို့သောတင်ဒါများ(ဥပမာ-ရေနံလုပ်ကွက်များ၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းများ) နှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအမံများကို ပွင့်လင်းမြင်သာမှုရှိအောင် ကြေညာရမည်။

(ရ) လုပ်ငန်းပမာဏကြီးမားသည့်အခြေအနေရှိပါက တင်ဒါအခမ်းအနားဆောင်ရွက်မှုများကို ဓာတ်ပုံ၊ ဗီဒီယိုတို့ဖြင့် မှတ်တမ်းတင်ထားရှိရမည်။

(လ) တင်ဒါစည်းမျဉ်းစည်းကမ်းများတွင် စာရင်းစစ်ချုပ်ရုံးမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်ဒါအောင်မြင်သူမှ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ကတိကဝတ်ပြု၍ ဆောင်ရွက်ရမည်။

(ဝ) အထက်ပါအချက်များအပြင် ဝန်ကြီးဌာနက လုပ်ငန်းသဘောသဘာဝအလိုက်သတ်မှတ်သော စည်းကမ်းချက်များ ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပြီး တာဝန်ယူမှုနှင့်တာဝန်ခံမှုရှိရမည်။

(သ) စာချုပ်မူကြမ်းအား ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့စီမံခန့်ခွဲမှုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးသို့ တင်ပြအတည်ပြုပြီးမှသာ စာချုပ်ချုပ်ဆိုရမည်။

(ဟ) လုပ်ငန်းစဉ်အားလုံးအား ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းထိန်းသိမ်းထားရှိရမည်။

(ဠ) အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့အကြားအငြင်းပွားမှုအတွက် ဖြေရှင်းဆောင်ရွက်မည့်အစီအစဉ်ကို စာချုပ်၌ ရှင်းလင်းစွာ ထည့်သွင်းချုပ်ဆိုရမည်ဟူ၍ ပါရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

❍ **မူးယစ်ဆေးသုံးစွဲခြင်းမှ**

အသုံးပြုကာ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများကို ကိုင်တွယ်ဆောင်ရွက်ရာတွင် အထောက်အကူရရှိမည်ဖြစ်သည်။

ဆွီဒင်နိုင်ငံမှ ပါမောက္ခ အိုလော့ဖ်ဘက်ဦးဆောင်သော သုတေသီအဖွဲ့သည် မူးယစ်ဆေးဝါးသုံးစွဲထားခြင်းရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်သော ကိရိယာကို တီထွင်ဖော်ထုတ်ခဲ့သည်။

အဆိုပါကိရိယာကို အသုံးပြု၍ စိတ်ငြိမ်ဆေးများအပါအဝင် စိတ်ကြွမူးယစ်ဆေးဝါး အမျိုးမျိုးသုံးစွဲထားခြင်း ရှိ၊ မရှိ စမ်းသပ်ဖော်ထုတ်နိုင်သည်။

မော်တော်ယာဉ်မောင်းသူများအနေဖြင့် အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ ယာဉ်ထိန်းရဲများက စမ်းသပ်စစ်ဆေးနိုင်သော ကိရိယာကဲ့သို့သော ကိရိယာတစ်မျိုးဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု ရှိ၊ မရှိ အသက်ရှူထုတ်သည့် လေကို အခြေခံကာ စမ်းသပ်စစ်ဆေးနိုင်မည်ဖြစ်သည်။

အဆိုပါ ကိရိယာသစ်ကို စီးပွားဖြစ်ထုတ်လုပ်ရောင်းချလာနိုင်မည်ဟု မျှော်လင့်ရသည်။

မီသာဒုန်း၊ အဖီတမင်း၊ မီသာဖက်တမင်း၊ ကိုကင်း၊ မော်ဖင်း၊ ဆေးခြောက် အခြေခံ ဓာတုဗေဒ မူးယစ်ဆေးဝါးများ၊ ဘူပရီနော်ဖင်း၊ ဒိုင်ယာဇီပင်၊ အောက်ဇာဇီပင်၊ အယ်လ်ပရာဇိုလမ် စသည့် ဆေးဝါးများကို ယာဉ်မောင်းများ သုံးစွဲထားခြင်း ရှိ၊ မရှိ အသက်ရှူထုတ်ရာမှ ပေါ်ထွက်လာ သောလေကို ဆန်းစစ်လေ့လာကာ ဖော်ထုတ်နိုင်မည်ဖြစ်သည်။

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမများ မသုံးရ

# တရုတ်တွင် အသားအတုရောင်းသူ ရာပေါင်းများစွာ ဖမ်းဆီး

ပေကျင်း မေ ၄

တရုတ်နိုင်ငံ၌ လွန်ခဲ့သည့်သုံးလအတွင်း အသားအတုများ၊ မသန့်ရှင်းသောအသားများရောင်းချကြသော လူ ၉၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း အစိုးရပိုင်မီဒီယာများက မေ ၃ ရက်တွင် ဖော်ပြသည်။

တာဝန်ရှိသူများသည် ယင်းသို့ အသားများရောင်းချသည့် အမှု ၄၀၀ နီးပါးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အသားတုတန်ချိန် ၂၀၀၀၀ ကို သိမ်းဆည်းခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

အမှုတစ်မှုတွင် သံသယရှိသူများက မြေခွေး၊ မြွေပါနှင့် ကြွက်သားများကို သိုးသားအတုအဖြစ်ပြုလုပ်ခဲ့ကြသည်ကို တွေ့ရကြောင်း အစိုးရမီဒီယာက ဖော်ပြသည်။

စားသုံးသူအန္တရာယ်ကင်းစင်ရေးပြဿနာများ ပေါ်ပေါက်နေသည်ကို မီးမောင်းထိုးပြနေသည့် အမှုအခင်းများ ဆက်တိုက်ဖြစ်နေရာ ယခုဖော်ပြပါ သတင်းသည် နောက်ဆုံးဖြစ်စဉ်ဖြစ်သည်။

အဆိုပါ နောက်ဆုံးဖြစ်စဉ်တွင် မတော်မတရားပြုလုပ်သည့် နမူနာအချို့မှာ သံသယရှိသူများသည် ကြွက်ခြေသည်းများကို ဟိုက်ဒြိုဂျင်ပါရောက်ဆိုဒ်အရည်ဖြင့် ပြုပြင်ခြင်းနှင့် အသားများအလေးချိန် တိုးစေရန် ရေများထိုးသွင်းခြင်းတို့ဖြစ်သည်။

ယခုဖမ်းဆီးမှုမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသားအတုရောင်းချသူများကို နှိမ်နင်းခြင်း၏ တစ်စိတ်တစ်ပိုင်းသာ ဖြစ်သည်ဟု ဆင်ဟွာက ဖော်ပြသည်။ **ဆင်ဟွာ။**



ကိုလံဘိုမြို့ရှိ သင်္ဘောကျင်းသို့ အလည်အပတ်ရောက်ရှိလာသူ ဂျပန်ဒုတိယဝန်ကြီးချုပ် အာဆိုအား တွေ့ရစဉ်။

# တရုတ်နိုင်ငံကိုထိန်းချုပ်နိုင်ရန် ရည်ရွယ် သီရိလင်္ကာနှင့် ဆက်ဆံရေး ဂျပန် မြှင့်တင်

ကိုလံဘို မေ ၄

ဂျပန်ဒုတိယဝန်ကြီးချုပ်တာရိုအာဆိုသည် သီရိလင်္ကာသမ္မတ မဟိန္ဒာရာဂျာပက်ဆာနှင့် မြို့တော်ကိုလံဘို၌ တွေ့ဆုံဆွေးနွေးခဲ့ခြင်းသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်နိုင်မည့် အလားအလာကောင်းများကို ဖြစ်ပေါ်စေကြောင်း၊ ဂျပန်နိုင်ငံသည် သီရိလင်္ကာနိုင်ငံနှင့် ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်လာခြင်းဖြင့် တရုတ်နိုင်ငံကို ထိန်းချုပ်နိုင်မည့် မဟာမိတ်အုပ်စုတစ်စု ပေါ်ထွန်းလာရန်ဟူသော ရည်မှန်းချက်အတွက် အထောက်အကူရရှိစေနိုင်ကြောင်း အဆာဟီရှင်ဘွန်းသတင်းစာက မေ ၄ရက်တွင် ရေးသားဖော်ပြသည်။

**သံတမန်ရေး**

ဒုတိယဝန်ကြီးချုပ် အာဆိုသည် သီရိလင်္ကာသမ္မတနှင့် မေ ၂ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။ အာဆိုနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် တရုတ်နိုင်ငံ၏ ဩဇာတိက္ကမကြီးထွားလာနေမှုကို ထိန်းချုပ်နိုင်စေရန် သံတမန်ရေးအရ လှုပ်ရှားဆောင်ရွက်လျက်ရှိကြသည်။ **အဆာဟီရှင်ဘွန်း။**

# ပျက်ကျသွားသည့် ကန်စစ်ဘက်ဆီဖြည့်လေယာဉ်မှ လေယာဉ်အဖွဲ့သားနှစ်ဦး၏ ရုပ်အလောင်းများတွေ့ရှိ

ဘစ်ရှ်ကက်(ကာဇက်စတန်) မေ ၄

**ကာဇက်စတန်နိုင်ငံ၏ ကျောက်ဆောင်ကျောက်ကမ်းပါးထူထပ်သော တောင်တန်းဒေသတွင် မေ ၃ ရက်က ပျက်ကျခဲ့သည့် အမေရိကန်စစ်ဘက် ဆီဖြည့်လေယာဉ်မှ လေယာဉ်အဖွဲ့သားနှစ်ဦး၏ ရုပ်အလောင်းများကို ပျက်ကျသောလေယာဉ်အနီးတွင် ရှာဖွေကယ်ဆယ်ရေးသမားများက တွေ့ရှိခဲ့ကြောင်း၊ တတိယမြောက် လေယာဉ်အဖွဲ့သားများမှာမူ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကာဇက်စတန်နိုင်ငံ အရေးပေါ်လုပ်ငန်းဝန်ကြီးက ယနေ့ ပြောကြားသည်။**

ကာဇက်စတန်နိုင်ငံတွင် အခြေစိုက်၍ အာဖဂန်စစ်ဆင်ရေးတွင်ပါဝင်သည့် အမေရိကန်တပ်ဖွဲ့များကို ထောက်ပံ့ရေးလုပ်ငန်းများ လုပ်ဆောင်နေသော လေတပ်အခြေစိုက်စခန်း၏ အနောက်ဘက်မိုင် ၁၀၀ ခန့်အကွာတွင် အမေရိကန်စစ်ဘက်မှ ကေစီ-၁၃၅ အမျိုးအစား ဆီဖြည့်လေယာဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ မေ ၃ ရက် မွန်းလွဲပိုင်းက လေယာဉ်ပျက်ကျရခြင်းနှင့်ပတ်သက်၍ အဆိုပါ လေတပ်အခြေစိုက်စခန်းက တရားဝင် ထုတ်ပြန်ကြေညာမှု တစ်စုံတစ်ရာပြုလုပ်ခြင်း မရှိသေးကြောင်း သတင်းတွင် ဖော်ပြသည်။



အဆိုပါဆီဖြည့်လေယာဉ် အာဖဂန်နစ္စတန်နိုင်ငံသို့ အသွားတွင် ပျက်ကျခြင်းဖြစ်ကြောင်း ဝါရှင်တန်မြို့ အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။ **အေပီ။**



ကာဇက်စတန်နိုင်ငံ တောင်တန်းဒေသတွင် ပျက်ကျသွားသည့် ကေစီ-၁၃၅ ဆီဖြည့်လေယာဉ် အပိုင်းအစများအား တွေ့ရစဉ်။

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ကုန်စည်ဒိုင်)၏ ဥက္ကဋ္ဌဖြစ်သော **ဦးအုန်းဆိုင်** အား ပထမအကြိမ် ချီးမြှင့်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ အကောင်းဆုံး ပို့ကုန်လုပ်ငန်းရှင် ဂုဏ်ထူးဆောင်လက်မှတ်)ကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ ရက်တွင် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ ဆက်လက်ပြီး နိုင်ငံတော်အတွက် ပြည်ပပို့ကုန်များကို ဆတက်ထမ်းပိုး တိုးမြှင့်တင်ပို့နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(ကုန်စည်ဒိုင်)






## ဖတ်မှတ်ယ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

### ငါးများ ရေနံယိုဖိတ်မှုဆိုးကျိုးကို ကာလရှည်ခံစားခဲ့ရ

မက္ကဆီကိုပင်လယ်ကွေ့ရေပြင်အတွင်း ရေနံယိုဖိတ်မှုများဖြစ်ပွားခဲ့ပြီးနောက် ယင်းတို့၏ အကျိုးဆက်ကို ယင်းဓရိယာတစ်ဝိုက်တွင် ကျင်လည်ကျက်စားသောငါး သတ္တဝါများ ခါးစည်းခံခဲ့ရကြောင်း သုတေသီများက ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်းက ထုတ်ဖော်ပြောကြားခဲ့သည်။ ကယ်လီဖိုးနီးယားတက္ကသိုလ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဆိပ်အတောက်ဗေဒ သုတေသီများ၏ အဆိုအရ မက္ကဆီကိုပင်လယ်ကွေ့အတွင်း ကျက်စားသော ကေလီအမည်ရှိ ငါးမျိုး စိတ်တစ်မျိုးသည် ရေနံယိုဖိတ်မှုဒဏ်ကို ခံစားခဲ့ရပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ဒုက္ခများကို ကြုံတွေ့ခံစားနေရကြောင်း သိရသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

### နှစ် ၁၀၀၀ သက်တမ်းရှိ ကျောက်တုံး ဆွီဒင်ကျောင်းသားများ ရှာဖွေတွေ့ရှိ

ရှေးဟောင်းသုတေသနပညာရှင်များ ဦးဆောင်သော စတော့ဟုမ်းတက္ကသိုလ်မှ ကျောင်းသားများရှေးဟောင်းပစ္စည်းများ ရှာဖွေနေစဉ် အတောအတွင်း နှစ် ၁၀၀၀ သက်တမ်းရှိ ကျောက်ထွင်းစာများပါသော ကျောက်တုံးတစ်တုံးကို ရှာဖွေတွေ့ရှိခဲ့သည်။ရှေးဟောင်းသုတေသနပညာရှင် တိုရန်ဇာချရစ်ဆင် ဦးဆောင်သော အဆိုပါရှာဖွေရေးအဖွဲ့သည် နှစ်ပေါင်း ၃၀၀ ကျော်ပျောက်ဆုံးနေသော U 170 အမည်ရှိ သမိုင်းစာတန်းထိုးထားသော ကျောက်တုံးတစ်တုံးကိုရှာဖွေရန် စတော့ဟုမ်းမြို့ ဗက်စ်ဟုမ်းဒေသတွင် ရှာဖွေမှုပြုလုပ်ပြီးနောက် မတွေ့ရှိရ၍ တက္ကသိုလ်သို့ပြန်ရန် ပြင်ဆင်နေစဉ် အလုံးစုံနစ်မြုပ်လုနီးပါးဖြစ်နေသော နှစ် ၁၀၀၀ သက်တမ်းရှိ အဆိုပါကျောက်တုံးအား ကျောင်းသားများက အမှတ်မထင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

### ဂိမ်းကစားခြင်းက သက်ကြီးပိုင်းများအတွက် မှတ်ဉာဏ်စွမ်းရည်တိုးတက်စေ

သက်ကြီးပိုင်းများအနေဖြင့် တစ်ရက်လျှင် ဗီဒီယိုဂိမ်း သို့မဟုတ် ဉာဏ်စမ်းပဟေဠိဂိမ်းများ လေးနာရီ နှင့်အထက် ကစားပေးပါက မှတ်ဉာဏ်ချို့ယွင်းမှု၊ သတိမေ့တတ်မှုတို့မှကာကွယ်နိုင်ပြီး မှတ်ဉာဏ်စွမ်းရည်ပိုမိုတိုးတက်စေသည်ဟု PloS ONE ဂျာနယ်တွင်ပါရှိသော လေ့လာတွေ့ရှိချက်တစ်ခုအရ သိရသည်။ အသက် (၅၀)နှင့်အထက် သက်ကြီးပိုင်းများအား ဉာဏ်စွမ်းပဟေဠိနှင့် ဗီဒီယိုဂိမ်းများ တစ်ရက်လျှင် လေးနာရီထက်မနည်း ကစားစေခြင်းက ၎င်းတို့၏သတိမေ့မှုဖြစ်စဉ်များကို လျော့ပါးစေကြောင်း အဆိုပါဂျာနယ်တွင် ဖော်ပြထားသည်။

ဟိန်းထက်လင်း - စုစည်းရေးသားသည်

## မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

မီးသတ်ဦးစီးဌာန

## ဒုတိယအကြိမ်မြောက် အမျိုးသားသတင်းဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၄**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ အမျိုးသားသတင်းဆုကော်မတီက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ်မြောက် အမျိုးသားသတင်းဆု (National Press Award) ချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ပထမအကြိမ်မြောက် အမျိုးသားသတင်းဆု ချီးမြှင့်ပွဲတွင် ဆုငါးဆု ချီးမြှင့်နိုင်ခဲ့ပြီး ယခုဒုတိယအကြိမ်မြောက်တွင် ဆုခြောက်ဆု ချီးမြှင့်ခဲ့ကြောင်းသိရသည်။

ယခုအကြိမ်ချီးမြှင့်သည့် ဆုများမှာ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်ထုတ် The Myanmar Independent News Journal တွင် ပါရှိသည့် "အသွင်မတူမှုနှင့် ပဋိပက္ခအသွင်ပြောင်းခြင်း" အယ်ဒီတာ့အာဘော်က အကောင်းဆုံး အယ်ဒီတာ့အာဘော်ဆု၊ ၂၀၁၂ ခုနှစ် မတ်(၁၂-၁၈)ရက်ထုတ် The Voice ဂျာနယ်မှ "ဝန်ကြီးဌာနအချို့၏ ကျပ်သိန်းထောင်ချီ အလွဲသုံးစားမှုများ စစ်ဆေးတွေ့ရှိ" သတင်းက အကောင်းဆုံးသတင်းဆု၊ ၂၀၁၂ ခုနှစ် မတ် ၂၆-ဧပြီ ၁ ရက်ထုတ် The Voice ဂျာနယ်မှ အောင်ဘိုဘိုရှိန်နှင့် ကျော်စွာစိုးတို့ ရေးသားသည့် "မြစ်ဆုံ ပြန်စမည်လော" သတင်းဆောင်းပါးက အကောင်းဆုံးသတင်းဆောင်းပါးဆု၊ ၂၀၁၂ ခုနှစ် မတ် ၇ ရက်ထုတ် မော်နီတာသတင်းဂျာနယ်မှ ဇော်မင်းနိုင်၏ "ကယားပြည်နယ် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဆွေးနွေးပွဲ" ဓာတ်ပုံက အကောင်းဆုံးသတင်းဓာတ်ပုံဆု၊ The Voice ဂျာနယ် အတွဲ(၈) အမှတ်(၁၈) မှ ကျော်သူရိန်၏ ကာတွန်းက အကောင်းဆုံးသတင်းကာတွန်းဆု၊ MNTV မှ "မီဒီယာဖိနှိပ်မှုနှင့် လူငယ်သတင်းသမားများ" ရုပ်သံသတင်းက အကောင်းဆုံးရုပ်သံသတင်းဆုတို့ဖြစ်သည်။

အခမ်းအနားတွင် အမျိုးသားသတင်းဆု ကော်မတီအတွက် CB Bank ဥက္ကဋ္ဌက ငွေကျပ်သိန်း ၇၀၊ တော်ဝင်မိသားစု ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက ငွေကျပ်သိန်း ၆၀၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌက ငွေကျပ် ၁၀ သိန်း၊ DVB ရုပ်သံလိုင်းက ငွေကျပ် ငါးသိန်းတို့ကို လှူဒါန်းရာ အမျိုးသားသတင်းဆုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းငြိမ်းကလည်းကောင်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) အတွက် CB Bank ဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၇၀ နှင့် ထွန်းဖောင်ဒေးရှင်းဘဏ်က ငွေကျပ်သိန်း ၃၀ တို့ကို လှူဒါန်းရာ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) ဥက္ကဋ္ဌ ဦးခင်မောင်အေးကလည်းကောင်း လက်ခံခဲ့ကြသည်။ **(သတင်းစဉ်)**

## CNG အိုးများအား လုံခြုံစိတ်ချ ဘေးကင်းစွာအသုံးပြုနိုင်ရေးအတွက် Hydrotest ဖြင့် စမ်းသပ်စစ်ဆေးပေးမည်

၁။ နိုင်ငံတကာတွင် ခရီးသည်နှင့်ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၌ ဈေးနှုန်းသက်သာမှုရှိပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းသော Clean Fuel ဟုတင်စားခေါ်ဝေါ်သော သဘာဝဓာတ်ငွေ့အား အသုံးပြု၍ မော်တော်ယာဉ်နှင့် ဂျင်နရေတာများ စသည်တို့တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသည်။ ထိုသို့အသုံးပြုရာတွင် သဘာဝဓာတ်ငွေ့၏ ထုထည်ကျယ်ပြန့်မှုအား ထားသိုနိုင်ရန်နှင့် လွယ်ကူအဆင်ပြေစေရန် နည်းလမ်းရှာဖွေကြရာတွင် လက်ရှိအသုံးပြုလျက်ရှိသော Steel Cylinder CNG အိုးများ၊ Fiber Coated Cylinder CNG အိုးများ စသည်ဖြင့် ဖိအားမြှင့်ခံနိုင်ရေးရှိသည့် CNG အိုးများအား အသုံးပြုလျက်ရှိသည်။

၂။ CNG အိုးများအား သတ်မှတ်ချက်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိမှသာ တပ်ဆင်သုံးစွဲခွင့်ပြုထားခြင်း ဖြစ်သော်လည်း အသုံးပြုသည့်အချိန်ကာလ၊ ရာသီဥတု၊ အသုံးပြုမှုစသည်တို့အပေါ် မူတည်၍ နိုင်ငံတကာတွင် CNG ယာဉ်များ၏ CNG အိုးပေါက်ကွဲမှု ဖြစ်စဉ်များဖြစ်ပေါ်တတ်ကြောင်း၊ CNG အိုးအပေါ် ဖိအားသက်ရောက်မှုအများဆုံးဖြစ်သော အရောင်းဆိုင်များ၌ CNG ဖြည့်တင်းချိန်တွင် CNG အိုးပေါက်ကွဲမှုဖြစ်စဉ်များ ဖြစ်ပွားတတ်ကြောင်း လေ့လာသိရှိရသည်။ မိမိတို့နိုင်ငံတွင် အဆိုပါဖြစ်စဉ်မျိုးဖြစ်ပွားခြင်း မရှိခဲ့သော်လည်း CNG ယာဉ်မတော်တဆမှုကြောင့် CNG အိုးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းများ တွေ့ရှိခဲ့ရပါသည်-

(က) ၁၃-၉-၂၀၀၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်လမ်းမ ကြို့ကုန်းအနောက်ရပ်ကွက် ရန်ကုန်နည်းပညာတက္ကသိုလ်အနီးတွင် Hilux ခရီးသည်တင်ယာဉ်မှာ ယာဉ်မတော်တဆမှုဖြစ်ပွားရာမှ CNG အိုးများပြုတ်ထွက်၍ ထိခိုက်မိရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး လူများ ထိခိုက်ဒဏ်ရာရသေဆုံးမှုများ ရှိခဲ့ပါသည်။

(ခ) ၅-၁၁-၂၀၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်း City Bus ခရီးသည်တင်ယာဉ်သည် ဝါယာရှော့ဖြစ်ပွားပြီး မီးလောင်ကျွမ်းရာမှ CNG အိုးပေါက်ကွဲခြင်း ဖြစ်ပွားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ မိမိနိုင်ငံအတွင်း အသုံးပြုလျက်ရှိသော CNG အိုးများအား လုံခြုံစိတ်ချဘေးကင်းစွာ အသုံးပြုနိုင်ရန်အတွက် CNG အိုးများ၏ ကြံ့ခိုင်မှုအား စမ်းသပ်စစ်ဆေးရန်လိုအပ်လာပါသဖြင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနမှ Hydrotest Machine စက်ဖြင့် CNG Steel Cylinder Type-1 (CNG အိုး)များအား စမ်းသပ်ဖိအား 4500 psi ဖြင့် ရေဖြည့်တင်း စမ်းသပ်စစ်ဆေးနိုင်ရန်အတွက် ကိုရီးယားနိုင်ငံမှထုတ်လုပ်သော နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ခေတ်မီနည်းပညာအသုံးပြုသော Hydrotest စက်ပစ္စည်းများအား မှာယူတင်သွင်းခဲ့ပါသည်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီး သာကေတကမ်းလွန်ရေနံအခြေစိုက် စခန်းဝင်းအတွင်းတွင် တည်ဆောက်တပ်ဆင်ပြီးဖြစ်၍ CNG အိုးများအား Hydrotest စမ်းသပ်စစ်ဆေးခြင်းကို ၁-၆-၂၀၁၃ ရက်မှ စတင်ဆောင်ရွက်မည် ဖြစ်ပါသည်။ CNG အိုးများ၏ ဖိအားခံနိုင်ရည်စမ်းသပ်စစ်ဆေးမည့် Hydrotest လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်နှင့် သတ်မှတ်အိုးလီတာအလိုက် ကျသင့်မည့်နှုန်းထားများနှင့်တကွ ၆-၅-၂၀၁၃ ရက်မှစ၍ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနတွင် ကြော်ငြာထားရှိမည်ဖြစ်ပါသည်။

၄။ ၎င်းအပြင် အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့်လုံခြုံစိတ်ချစွာ အသုံးပြုနိုင်စေရန်အတွက် CNG Steel Cylinder Type-1( CNG အိုး) များ ဖိအားခံနိုင်ရည်စမ်းသပ်စစ်ဆေးခြင်း (Hydrotest) အား မြန်မာနိုင်ငံအတွင်း Conversion ပြုလုပ်တပ်ဆင်သော ယာဉ်များအတွက် CNG ယာဉ်အဖြစ် စတင်ပြောင်းလဲသည့်နေ့ (Conversion Date) မှစ၍ သက်တမ်းငါးနှစ်ပြည့်ပြီး CNG အိုးအား (ပထမအကြိမ်)စစ်ဆေးခြင်း၊ ဆက်လက်ပြီး သုံးနှစ်ပြည့်ပါက(ဒုတိယအကြိမ်) စစ်ဆေးခြင်းနှင့် နောင်နှစ်နှစ်ပြည့်ပြီးတိုင်း ထပ်မံစစ်ဆေးသွားမည်ဖြစ်ပါသည်။ ပြည်ပတွင် CNG Kit များတပ်ဆင်ခဲ့ပြီးသည့် Original NGV ယာဉ်များအတွက် CNG Cylinder အိုးပေါ်တွင် ပါရှိသော အိုးထုတ်လုပ်သည့်နေ့၊ သက်တမ်းကုန်ဆုံးသည့်နေ့ သတ်မှတ်ချက်များအတိုင်း စစ်ဆေးမည်ဖြစ်ပါသည်။ CNG Cylinder အိုးအဖြစ် အသုံးပြုရန် သတ်မှတ်အချက်အလက်များ ပြည့်စုံစွာပါရှိသော အိုးများကိုသာ တပ်ဆင်အသုံးပြုရမည်ဖြစ်ပါသည်။

၅။ CNG Steel Cylinder Type-1 ( CNG အိုး) များဖိအားခံနိုင်ရည်စမ်းသပ်စစ်ဆေးခြင်း (Hydrotest) အား မပျက်မကွက် ဆောင်ရွက်ရမည်ဖြစ်ပြီး (Hydrotest) စမ်းသပ်စစ်ဆေးခြင်းမအောင်မြင်သော CNG အိုးများအား ဆက်လက်အသုံးပြုရန် အန္တရာယ်ရှိသောအိုးများအဖြစ်သတ်မှတ်၍ ဌာနမှ သိမ်းဆည်းပြီး ဖျက်ဆီးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စွမ်းအင်ဝန်ကြီးဌာန)**

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

မြန်မာ့နှစ်သစ်ကူးအထူးအစီအစဉ်
Special Promotion with Amazing Price

ပန်းလှိုင်ဆေးရုံကြီးနှင့် ပန်းလှိုင်ဆေးခန်းတို့တွင် ဧပြီလ အတွင်းဝန်ဆောင်မှုပေးခဲ့သော ကျန်းမာရေးစစ်ဆေးခြင်း
အထူးအစီအစဉ်များကို Promotion ကာလအတွင်းအကြောင်းအမျိုးမျိုးကြောင့်လာရောက်မစစ်ဆေးနိုင်ခဲ့သော
မိတ်ဟောင်း မိတ်သစ်များ၏ တောင်းဆိုချက်အရ မေလ (၃၁) ရက်နေ့အထိ ထပ်မံတိုးမြှင့်၍
ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

မေလ (၃၁) ရက်နေ့အထိပဲမို့လို့
စစ်ဖြစ်အောင်စစ်လိုက်နော်...

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၁) ၂၄၃၀၁၀ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀

# ကျွန်တော်တွေ့ခဲ့ဖူးသော မလေးရှားသစ်လုပ်ငန်းရှင်ကြီးတစ်ဦး

**ဝင်းချစ်**
**(အမျိုးသားစာပေဆုရ)**

စာရေးသူသည် လွန်ခဲ့သောနှစ် (၂၀)ကျော်က သစ်ကုန်ချောထည် ထုတ်လုပ်ခြင်းနှင့် သစ်ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများကို လေ့လာရန်အတွက် မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံများသို့ ၂၀ ရက်ကြာ သွားရောက်ခွင့် ရရှိခဲ့ဖူးပါသည်။

မလေးရှားနိုင်ငံ၏ အကျယ်အဝန်းမှာ ဧရိယာဟက်တာပေါင်း ၃၂ ဒသမ ၈၆ သန်းရှိပြီး ထိုအချိန်က မလေးရှားနိုင်ငံ၏ လူဦးရေမှာ ၂၀ သန်းခန့် ရှိသည်။ (၂၀၁၀ သန်းခေါင်စာရင်းအရ လူဦးရေ ၂၈ ဒသမ ၃၃၄ သန်း ရှိကြောင်း သိရှိရပါသည်) ဆာဘားပြည်နယ်၊ ဆာရာဝပ်ပြည်နယ်နှင့် ပင်နီစူလာ မလေးရှားရှိ ပြည်နယ် ၁၁ ခု အပါအဝင် ပြည်နယ်ပေါင်း ၁၃ ခုရှိသည်။ ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးသည်။ မလေးရှားနိုင်ငံသား တစ်ဦးချင်း၏ တစ်နှစ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၅၀၀ ခန့်ရှိပြီး အသားတင် ပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP) စုစုပေါင်းမှာ ၁၉၉၆ ခုနှစ်က အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၅ ဘီလီယံခန့် ရှိသည်။ စက်မှုလုပ်ငန်းများမှ အဓိကဝင်ငွေရကာ ပြည်တွင်းထုတ်ကုန်၏ ၃၃ ရာခိုင်နှုန်းခန့်နှင့် ပြည်ပပို့ကုန်၏ ၈၀ ရာခိုင်နှုန်းခန့်ကို စက်မှုလုပ်ငန်းများမှ ရရှိခြင်းဖြစ်သည်။ အဓိကပို့ကုန်များမှာ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ရေနံစိမ်းနှင့် စားအုန်းဆီတို့ ဖြစ်ကြပြီး အဓိကစီးပွားဖက်နိုင်ငံများမှာ စင်ကာပူ၊ အမေရိကန်၊ ဂျပန်နှင့် ဥရောပနိုင်ငံများ ဖြစ်ကြသည်။

မလေးရှားနိုင်ငံရှိ သစ်တောဧရိယာပေါင်းမှာ ဟက်တာ ၁၉ ဒသမ ၂၂ သန်းခန့်ရှိသဖြင့် တစ်နိုင်ငံလုံး၏ ၆၀ ရာခိုင်နှုန်းခန့်ကို သစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။ ထို့ပြင် ဆီအုန်းစိုက်ခင်းများနှင့် ရော်ဘာစိုက်ခင်းများ၏ အကျယ်အဝန်းမှာလည်း တစ်နိုင်ငံလုံး၏ ၁၄ ရာခိုင်နှုန်းခန့် ရှိသောကြောင့် မလေးရှားတစ်နိုင်ငံလုံး၏ ၇၄ ရာခိုင်နှုန်းခန့်ကို သစ်ပင်များ ဖုံးလွှမ်းလျက်ရှိသည်ဟု ဆိုနိုင်ပါသည်။

မလေးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် အင်ဒိုနီးရှားနိုင်ငံပြီးလျှင် အပူပိုင်းဒေသသစ်မာများ (tropical timber) အများဆုံး တင်ပို့ရောင်းချသည့်နိုင်ငံဖြစ်သည်။ သစ်မာသစ်မျိုးပေါင်း ၃,၀၀၀ ကျော်ရှိသည့်အနက် သစ်မျိုးပေါင်း ၄၀၆ မျိုးကို စီးပွားဖြစ် ထုတ်ယူသုံးစွဲလျက်ရှိသည်။ သစ်နှင့် သစ်အခြေခံလုပ်ငန်းများသည် မလေးရှားနိုင်ငံတွင် အထူးအရေးပါသည့်ကဏ္ဍမှ ပါဝင်သည်။ သစ်နှင့် သစ်အခြေခံပစ္စည်းများ၏ ထုတ်ကုန်တန်ဖိုး စုစုပေါင်းသည် အသားတင် ပြည်တွင်းထုတ်ကုန်တန်ဖိုး စုစုပေါင်း (GDP)၏ ၅ ရာခိုင်နှုန်းခန့်နှင့် ပြည်ပပို့ကုန်များမှ ရရှိသည့် ဝင်ငွေစုစုပေါင်း၏ ၇ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

စာရေးသူနှင့် အဖွဲ့သည် ကွာလာလမ်ပူ၊ စလင်ဂေါ (Salangor)၊ မလက်ကာ (Melaka)၊ ဂျဟိုး (Jahor)၊ ကူချင်း (Kuching) မြို့များရှိ သစ်ကုန်ချောထည်စက်ရုံများနှင့် အရောင်းဆိုင်များသို့ သွားရောက်လေ့လာခဲ့ပါသည်။

"Hasro International Furniture Inc" ကုမ္ပဏီမှ မလက်ကာမြို့တွင် ဖွင့်လှစ်ထားရှိသည့် ပရိဘောဂအရောင်းဆိုင်နှင့် Bukit Rambal စက်မှုဇုန်တွင် တည်ထောင်ထားသော ပရိဘောဂစက်ရုံများကို လေ့လာခဲ့ရာ၌ ကုမ္ပဏီပိုင်ရှင်ဖြစ်သူ မလေးရှားလူမျိုး Mr. Haji Hashin Mohamad နှင့် တွေ့ဆုံမေးမြန်းဆွေးနွေးခွင့် ရရှိခဲ့ပါသည်။ မှတ်သားထိုက်သူ၊ အားကျထိုက်သူ၊ အတုယူထိုက်သူတစ်ဦး ဖြစ်ပါသည်။

၁၉၇၈ ခုနှစ်က Mr. Hashin အနေဖြင့် အလုပ်သမား သုံးဦးတည်းဖြင့် စတင်လုပ်ကိုင်ခဲ့သော ပရိဘောဂလုပ်ငန်းသည် စာရေးသူတို့ လေ့လာသည့်အချိန်တွင် ပရိဘောဂစက်ရုံကြီးသုံးရုံ ဖြစ်ထွန်းလျက်ရှိပြီး ယင်းစက်ရုံများမှ တစ်လလျှင် အမေရိကန်ဒေါ်လာ ခြောက်သန်းဖိုးခန့် ထုတ်လုပ်လျက်ရှိကြောင်း၊ ပရိဘောဂအရောင်းဆိုင်၏ တစ်လရောင်းရငွေမှာ အမေရိကန်ဒေါ်လာ ၁၂,၀၀၀ ခန့်ရှိကြောင်း သိရှိခဲ့ရပါသည်။

Mr. Hashin က ၎င်း၏အလုပ်သမားများကို မိမိ၏ Partner အဖြစ် သဘောထားကြောင်း၊ အလုပ်သမားများအား လက်ရှိဘဝဖြင့် ကျေနပ်ရောင့်ရဲမနေရန်၊ ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်အောင် ကြိုးပမ်းကြရန်၊ လေးငါးနှစ်ကြာသည့်တိုင် ဘဝမျှတိုးတက်မှုမရှိလျှင် ၎င်း၏စက်ရုံတွင် ဆက်လက်မလုပ်ကိုင်ကြရန် အလုပ်သမားများကို အလုပ်စတင်ဝင်ရောက်ကတည်းက မှာကြားထားကြောင်း၊ အလုပ်သမားများဘဝ တိုးတက်မြင့်မားရေးအတွက် ညနေသင်တန်းများ တက်ရောက်နိုင်စေရန် အားပေးအားမြှောက် ပြုလုပ်ပေးကြောင်း၊ ကိုယ်ပိုင်ငွေ အတန်အသင့် စုဆောင်းမိလျှင် ဘဏ်များမှ ချေးငွေများ ရရှိစေရန် ၎င်းက အာမခံပေးပြီး ကိုယ်ပိုင်အလုပ်ရုံ တည်ထောင်နိုင်အောင် ကူညီပေးကြောင်း၊ အလုပ်ရုံများ တည်ထောင်ရာတွင်လည်း ပရိဘောဂအစိတ်အပိုင်းများ (Furniture Component ဥပမာ - စားပွဲခြေထောက်၊ ကုလားထိုင်၊ လက်ရန်းစသည်များ) ပြုလုပ်၍ ၎င်း၏စက်ရုံများသို့ ပေးသွင်းနိုင်အောင် စီစဉ်ပေးထားကြောင်း ပြောပြပါသည်။

ဤတွင် စာရေးသူက ထိုကဲ့သို့ လုပ်ငန်းခွဲ၍ တည်ထောင်သူများက Mr. Hashin နှင့် ပြိုင်ဘက်ဖြစ်ပြီး Mr. Hashin ထက်သာသွားမှာ မစိုးရိမ်ဘူးလားဟု မေးမြန်းကြည့်ရာ Mr. Hashin က မစိုးရိမ်ပါကြောင်း မိမိတစ်ဦးတည်း ချမ်းသာကြွယ်ဝပြီး မိမိပတ်ဝန်းကျင်ရှိ လူအများ ဆင်းရဲနေပါက မိမိအတွက် လုံခြုံမှုမရှိကြောင်း၊ ၎င်းတို့လည်း ချမ်းသာပါမှ မိမိအတွက် လုံခြုံမှုရှိမည်ဖြစ်ကြောင်း၊ ယခုခေတ်တွင် စီးပွားရေးအရ တစ်ဦးနှင့်တစ်ဦး အလဲထိုးပြိုင်ဆိုင်ရန် မလိုတော့ကြောင်း၊ You win - I win ဆိုပါက နှစ်ဦးနှစ်ဖက် အကျိုးရှိသကဲ့သို့ မိမိ၏နိုင်ငံတော်အတွက်လည်း အကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် အလုပ်ရုံများ၊ စက်ရုံများ ပိုမိုတည်ထောင်နိုင်ခြင်းကြောင့် ပြည်သူအများ အလုပ်အကိုင် ရရှိနိုင်သဖြင့် နိုင်ငံတော်အား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာရောက်ကြောင်း၊ ကျေးဇူးဆပ်ရာလည်းရောက်ကြောင်း မှတ်သားဖွယ် ဖြေကြားခဲ့ပါသည်။

"အလုပ်ရုံ၊ စက်ရုံများ တည်ထောင်ရန်အတွက် ဘဏ်မှငွေချေးပြီး အမှန်တကယ် မတည်ထောင်ဘဲ အလွဲသုံးစားလုပ်ပစ်သည့် ဖြစ်ရပ်မျိုး ရှိပါသလား" ဟု စာရေးသူက မေးကြည့်ရာ Mr. Hashin က အလွန်ရှားကြောင်း၊ ဤသို့လုပ်လျှင် နာမည်ပျက်စာရင်း (Black List) ဝင်သွားပြီး ပြုလုပ်သူသာမက ၎င်း၏သားစဉ်မြေးဆက်ပါ နာမည်ပျက်ပြီး စီးပွားရေးနယ်ပယ်တွင် ရပ်တည်ရန် မလွယ်ကူတော့သဖြင့် မလုပ်ကြကြောင်း၊ အတိုးနှုန်း ချိုသာစွာဖြင့် ငွေချေး၍ရအောင် စီစဉ်ပေးသည့် အစိုးရကို ကျေးဇူးတင်ကြသဖြင့် လုပ်ငန်းအောင်မြင်ကြီးပွားအောင် အထူးကြိုးပမ်းကြကြောင်း၊ ဘဏ်များကလည်း ချေးသည့်ငွေကို တစ်ခါတည်း အကုန်ထုတ်မပေးကြကြောင်း၊ လုပ်ငန်းတိုးတက် ပြီးစီးမှုအခြေအနေကို တစ်ဆင့်ချင်း စစ်ဆေးပြီး ကျေနပ်မှုရှိမှသာ အရစ်ကျထုတ်ပေးခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

စာရေးသူတို့ နိုင်ငံရှိ သစ်လုပ်ငန်းရှင်များ အပါအဝင် လုပ်ငန်းရှင်အားလုံး မိမိတို့၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ တိုးတက်ကြီးပွားအောင်မြင်စေရန် လုပ်ကိုင်ကြရင်း တစ်ဖက်မှလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အမိနိုင်ငံတော်ကြီးကို တည်ဆောက်ရာ၌ အထောက်အကူ ဖြစ်စေလိုသည့် စေတနာအရင်းခံဖြင့် မလေးရှားနိုင်ငံမှ အတုယူထိုက်သော သစ်လုပ်ငန်းရှင်ကြီး Mr. Haji Hashin Mohamad ၏ လုပ်ဆောင်ချက်နှင့် ခံယူချက်များကို တင်ပြလိုက်ပါသည်။ ။

## ကော့ကရိတ်၌ နိုင်ငံသားကတ်များ နေ့ချင်းပြီးထုတ်ပေး

မိုးပွင့်အဆင့် (၅) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းပြီး အခမဲ့ထုတ်ပေးခြင်းလုပ်ငန်းကို ဧပြီ ၂၆ ရက်တွင် ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် ဓမ္မာရုံနှင့် အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့၌ ကျင်းပပေးခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးညိုညိုသန်းနှင့် ဝန်ထမ်းများသည် ရပ်ကွက် (၃)ရှိ ပြည်သူများနှင့် ရပ်ကွက် (၆)ရှိ ပြည်သူများအား နေ့ချင်းပြီးအခမဲ့ထုတ်ပေးခဲ့ကြောင်း သိရသည်။

**တင်ဝင်းလှိုင် (ကော့ကရိတ်)**

## ပညာရေးအစီအစဉ် လက်တွေ့ဟောပြောရေးဆွဲ

မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး(ဗဟို)၏ ပညာရေးလုပ်ရှားမှု အစီအစဉ်တစ်ခုအဖြစ် ဧပြီ ၂၈ ရက် (တနင်္ဂနွေနေ့)တွင် မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး(ဗဟို) ပန်းချီအရောင်းပြခန်း၌ ကျင်းပရာ ပန်းချီဆရာ ဦးဝင်းဖေမြင့်က တက်ရောက်လာကြသော အနုပညာစိတ်ဝင်စားသူများကို လက်တွေ့ဟောပြောရေးဆွဲပြခဲ့သည်။

လက်တွေ့ Outdoor ရေးဆွဲခြင်း၊ Model စံပြမယ်ရေးဆွဲခြင်းနှင့် အနုပညာဆိုင်ရာ ဟောပြောပွဲများကို လစဉ်ကျင်းပသွားရန် အစီအစဉ်များလည်းရှိကြောင်း မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး(ဗဟို)မှ သိရသည်။

**(ကြေးမုံ)**

## သန်လျင် ရာစုဥဒါန်းစာကြည့်တိုက် စာပေဟောပြောမည်

ရန်ကုန်(တောင်ပိုင်း)ခရိုင် သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာ ရာစုဥဒါန်းစာကြည့်တိုက် စာပေနှစ်ပတ်လည်အခမ်းအနားကို မေ ၁၁ ရက်တွင် အဆိုပါနေရာ၌ ကျင်းပမည်ဖြစ်ရာ ယခုနှစ်တွင် ကျောင်းသား ကျောင်းသူများ၏ စကားရည်လုပွဲ၊ ပုံပြောပြိုင်ပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး စာပေဟောပြောပွဲအဖြစ် သန်လျင်မြို့၏ ပင်တိုင်သန်လျင်သား စာရေးဆရာများ ဖြစ်ကြသည့် မောင်မောင်ဦး၊ မောင်ညိုမှိုင်း၊ မောင်ဝင်းဝါတို့က အဆိုပါနှစ်ပတ်လည်အခမ်းအနားတွင် စာပေရေးရာ သုတ၊ ရသများအား အပြိုင်အဆိုင် ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်ငွေ (သန်လျင်)**

## ဒေါပုံမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှု အဆက်အပြတ် ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဆရာဝန် ဒေါက်တာမို့မို့အောင်က ညွှန်ကြားမှုကိုခံယူပြီး မေ ၂ ရက်တွင် မြို့နယ်သူနာပြုဆရာမ ဒေါ်သီသီခိုင်က ဦးဆောင်ကြီးကြပ်၍ ယမုံနာ (၁)ရပ်ကွက်အတွင်း ကွင်းဆင်း၍ ကာကွယ်ဆေးငါးမျိုးကို ထိုးပေးခဲ့သည်။

ထိုကာကွယ်ဆေးများမှာ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင်နှင့် အဆုတ်ရောင်ဆေးများဖြစ်ကြောင်း သိရသည်။

**(မောင်စိန်နှင်း-ဒေါပုံ)**

## ဘုတ်ပြင်းမြို့နယ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ကျင်းပ

ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းပြိုင်ပွဲကို ဘုတ်ပြင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂ ရက် နံနက်တွင် ကျင်းပရာ ပန်းချီပြိုင်ပွဲတွင် ၁၀ ဦးနှင့် ကာတွန်းပြိုင်ပွဲတွင် ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲကို မြို့နယ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပရေးကြီးကြပ်မှုကော်မတီမှ ပြိုင်ပွဲဝင်ပန်းချီ၊ ကာတွန်းပုံများစိစစ်၍ ခရိုင်အဆင့်သို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဖြူဖြူသိန်း)**












# ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆုချီးမြှင့်

ရန်ကုန်  မေ  ၄

**၂၀၁၂ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပခုက္ကူဦးအုံးဖေ စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကား ပြောကြားရာ၌ ပြည်သူလူထု၏ စိတ်ပါဝင်စားမှုရရှိအောင် စာကြည့်တိုက်ဆုများ၊ စာပေဆုများ ချီးမြှင့်ခြင်းတို့ ဆောင်ရွက်နေမှုအပေါ် လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း။

စာရေးဆရာအများစုသည် မိမိကိုယ်ကို နှိမ့်ချတတ်သူများဖြစ်ကြကြောင်း၊ ခြိုးခြံချွေတာခြင်းနှင့် မိမိကိုယ်ကိုနှိမ့်ချတတ်ခြင်းသည် အားနည်းချက်များ မဟုတ်ကြောင်း၊ ပိုမိုမြင့်မားသောရည်ရွယ်ချက်အတွက် အခြားလူများ၏ အကျိုးကျေးဇူးဌာ မိမိ၏အားသာချက်များကို ကိုယ်တိုင်သိရှိနားလည်ပြီး ပိုင်ပိုင်နိုင်နိုင် အသုံးချခြင်းသာဖြစ်ကြောင်း။

နှိမ့်ချခြင်းမှာ မိမိကိုယ်ကို အမြဲတမ်းဝေဖန်သုံးသပ်နေနိုင်သော စွမ်းရည်ရှိခြင်းနှင့် အခြားလူများအား တောက်ပြောင်လာစေရန် အားပေးကူညီနိုင်သော အခွင့်အရေးကို အသေအချာရရှိလိုခြင်းတို့ပင်ဖြစ်ကြောင်း၊ နောင်လာနောက်သားများနှင့် အခြားလူတို့၏ဘဝများကို ထွန်းလင်းတောက်ပြောင်လာစေရန် အားပေးကူညီနိုင်သော အခွင့်အရေးများ မိမိတို့လက်ထဲတွင် ရှိနေသေးသည်ကို အမိအရအသုံးချသွားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ၂၀၁၂ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူတစ်သက်တာ စာပေဆုရ စာရေးဆရာကြီး ဦးဘသန်း(ဦးဘသန်း-မဟာဝိဇ္ဇာ)အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ၂၀၁၂ ခုနှစ်အတွက် ကဗျာပေါင်းချုပ် ဒုတိယဆုရ "ချိုးငှက်ပျိုပျို၊ ကူသံချို" ရေးသားသူ မြေလတ်မင်းလွင်နှင့် ကဗျာပေါင်းချုပ် တတိယဆုရ "တို့မြေရေ တို့ချစ်သည်နှင့် အခြားကဗျာများ" ရေးသားသူ မောင်စောထွန်း(ကျောင်းကုန်း)တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသန်းဆွေက ဝတ္ထုရှည်တတိယဆုရ "မနက်ဖြန်ပေါင်းများစွာသို့တိုင်" ရေးသားသူတင့်ထွန်း(ချောက်)နှင့် ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ "ခူဝံကြယ်လား လက်ဖဝါးထဲမှာ ရသဝတ္ထုတိုများ" ရေးသား သူ မောင်ခြိမ့်တို့အားလည်းကောင်း၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်က ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ "ဆောင်းပေါင်မိုးအမှတ်တရ" ဝတ္ထုတိုများ ရေးသားသူ သွဲ့ထားညို(သက္ကလ)နှင့် ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ "သူဌေးဝတ္ထုတိုပေါင်းချုပ်" ရေးသားသူ ရန်ကုန်ဌေးဇော်တို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ယင်းနောက် ကျမ်းစာပေဒုတိယဆုရ "မြန်မာ့ဆင်ဖြူတော်" ရေးသားသူ မောင်မောင်ချစ်ဦး(မုံရွာ)၊ ကျမ်းစာပေတတိယဆုရ "အနုသုခုမသမိုင်းစဉ်မှ မြန်မာ့ဂီတတီးဝိုင်းများ" ရေးသားသူဇင်မင်း(သမိန်ထော)၊ သုတေသနစာပေ ပထမဆုရ " မြတ်နိုးဖွယ်ရာ တောင်ဦးသဲကျောက်အနုပညာ" ရေးသားသူ မောင်မောင်နန်းနွယ်၊ သုတေသနစာပေ ဒုတိယဆုရ " ခေတ်သမိုင်းအခြေပြ ဗုဒ္ဓဆင်းတုတော်များ" ရေးသားသူ ဦးသန်းထွန်း (မော်လမြိုင်)၊ သုတေသန စာပေ တတိယဆုရ "ရွှံ့မီးဖုတ်အုတ်အလှပန်းအလက်ာ" ရေးသားသူ မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)၊ ၂၀၁၂ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆု




ချီးမြှင့်ခံရသော " ဘူးထဲကရေ" စာအုပ်ရေးသားသူ သျှီ(အင်ကြင်း)တို့အား ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေတို့က ဆုများချီးမြှင့်ကြသည်။

ထို့နောက် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ယင်းနောက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေက ပခုက္ကူဦးအုံးဖေ စာပေဆု ချီးမြှင့်ခဲ့ခြင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူတစ်သက်တာ စာပေဆုရ ဦးဘသန်း(ဦးဘသန်း-မဟာဝိဇ္ဇာ)က ကျေးဇူးတင်စကားပြောကြားရာတွင် နိုင်ငံတော်က စာပေမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး စာပေပညာရှင်များအားလည်း ထူးချွန်ဆုများ တီထွင်ချီးမြှင့်ပေးလျက်ရှိရာ စာပေပညာရှင်များ၊ စာရေးဆရာများအတွက် ဂုဏ်သိက္ခာမြင့်မားစေခဲ့ကြောင်း၊ ပခုက္ကူစာပေဆုနှင့်ပတ်သက်၍ ကနဦး တည်ထောင်ခဲ့သူ ဦးအုံးဖေမှ အစပြု၍ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အလှူရှင် ၁၆ ဦးတို့က အလှူငွေ စုစုပေါင်းငွေကျပ် ၆၃ သိန်းနှင့် သုတေသီကထိကတစ်ဦးက ငွေကျပ် ၃၆၀၀၀၀ တန်ဖိုးရှိ " လက်ဆင့်ကမ်းလိုက်ပါတယ်" စာအုပ် ၂၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဆုရရှိကြသူများ၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဝင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်အား အများပိုင်ဘဏ်အဖြစ် ပြောင်းလဲမှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန်  မေ ၄**

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်အား အများပိုင်ဘဏ်အဖြစ် အမည်သစ်ဖြင့် သီးသန့်ရပ်တည်နိုင်ရန် စီစဉ်လျက်ရှိသည်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပသည်။

ရှေးဦးစွာ ဒါရိုက်တာအဖွဲ့ဝင် ဦးကျော်လွင်က ဒါရိုက်တာအဖွဲ့ဝင်များကိုယ်စား ရှင်းလင်းပြောကြားရာ၌ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်ကို ၁၅-၂-၁၉၉၆ ရက်မှ စတင်လျက် ပုဂ္ဂလိက ရှယ်ယာများနှင့် ပေးရန်ကန့်သတ်ထားသော အများနှင့်ဆိုင်သော ကုမ္ပဏီအဖြစ် မြန်မာကုမ္ပဏီများဘဏ် ဥပဒေအရ ဖွင့်လှစ်သည့် ကုမ္ပဏီဖြစ်ကြောင်း၊ ၁၉၉၆ ခုနှစ်က မတည်ငွေ မလုံလောက်၍ ဗဟိုဘဏ်သက်သာငွေမှ တစ်ဘီလီယံ ငွေချေးယူခဲ့ပါကြောင်း၊ ချေးငွေနှင့် ကျသင့်အတိုးငွေများကိုလည်း ၂၀၀၄ ခုနှစ်တွင် အကျေအလည် ပေးဆပ်ပြီးဖြစ်ကြောင်း၊ အကြွေးမရှိသော ဘဏ်ဖြစ်ကြောင်း၊ နိုင်ငံတော်အား အခွန်အခ ပုံမှန်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော် ဗဟိုဘဏ်၏ ကွပ်ကဲမှုအောက်တွင် အလုပ်လုပ်လျက်ရှိကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သော အစုရှယ်ယာ ထည့်ဝင်သူများကိုသာ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ထားကြောင်း စသည်ဖြင့် ပဏာမရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်အား ဇွန် ၂၅ ရက်တွင် အမည်ပြောင်းပြီး ဆိုင်းဘုတ်တင်ရန် စီစဉ်ထားကြောင်း၊ မိမိတို့ဘဏ်အနေဖြင့် အရှုံးမရှိကြောင်း၊ အမြတ်သာရှိကြောင်း၊ ယခုအချိန်အထိ ဘဏ်ခွဲပေါင်း ၆၀ ကျော်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ဘဏ်ခွဲပေါင်း ၁၀၀ အထိ ဖွင့်လှစ်ရန် ရည်ရွယ်ထားကြောင်းဖြင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်မြင့်က ရှင်းလင်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းသည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**




## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၅-၂၀၁၃ (တနင်္ဂနွေနေ့)

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ဓမ္မပူဇာတေး
၆း၃၅ "ဦးခိုက်ဖူးမြော်ကျိုက်မတ်ကော်"
၁၂း၃၅ "မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း" "မီးလျှံကြားက သွေးသစ္စာ" (ရဲအောင်၊ မင်းဦး၊ မင်းရာဇာ၊ အောင်ခိုင်၊ မိုးယံဇွန်၊ မြတ်သူအောင်၊ ချောရတနာ၊ နိုဘယ်ကျော်ကျော်၊ ဝါဆိုမိုးဦး၊ မေဖြူဖြူ ဝါဝါအောင်၊ စန္ဒီလတ်)(ဒါရိုက်တာ-တုနိုင်းခ)
၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (ပထမနှစ်) (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄း၅၀ တေးသရုပ်ဖော်အစီအစဉ်
၅း၁၅ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း နိုင်ငံခြားဇာတ်လမ်းတွဲ "နေရောင်အောက်က သတို့သမီး" (ဒုတိယတွဲ) (အပိုင်း-၁)



# ဓမ္မာစရိယစာမေးပွဲ ဆက်လက်ကျင်းပ

နေပြည်တော် မေ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ရဟန်း ၁၉၇ ပါးနှင့် သီလရှင် ၆၂ ပါးတို့ ဓမ္မာစရိယစာမေးပွဲဖြေဆိုနေမှုကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ရဟန်း ၅၉ ပါးနှင့် သီလရှင် ကိုးပါးတို့ ဓမ္မာစရိယစာမေးပွဲဖြေဆိုနေမှုကို ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးသည် မွန်းလွဲ ၁ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အလားတူ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာသာသနာ့ ဗိမာန်တော်ကြီး၌ ရဟန်း၊ သာမဏေနှင့် သီလရှင်အပါး ၂၇၀ တို့ ဓမ္မာစရိယ စာမေးပွဲဖြေဆိုနေမှုကို ဒုတိယဝန်ကြီး ဦးစိုးဝင်းသည် မွန်းလွဲ ၂ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် သာသနာ့ဗိမာန်၌ ရဟန်း၊ သာမဏေနှင့် သီလရှင် ၂၃ ပါးတို့ ဓမ္မာစရိယစာမေးပွဲဖြေဆိုနေမှုကို သာသနာရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေသည် မွန်းတည့် ၁၂ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၁၃၇၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲ စာဖြေဌာန စုစုပေါင်း ၅၀ ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပညာပေးနှိုးဆော်ချက်

မိုးဦးကျကာလဖြစ်သော ဧပြီ၊ မေနှင့် ဇွန်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များပေါက်ပွားလာနိုင်မည်ဖြစ်ပါသည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများမပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၁/၉၂) ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက “ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၄၊၄၅” ပါ ပြဌာန်းချက်များအရ အရေးယူခံရမည်ဖြစ်ပါသည်။

သို့ပါ၍ ရေချိုပုစွန်တုပ်များရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ရေချိုပုစွန်တုပ်ကြီးများကို ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# မိုးကြိုးစက်ကွင်းမိသော ရွှေတိဂုံဓာတ်လှေကား ပြင်ဆင်ပြီးစီး အကူအညီပေးနိုင်ရန် ဝန်ထမ်းများလည်း သင်တန်းပေးထား

ရန်ကုန် မေ ၄

မိုးကြိုးစက်ကွင်းမိ၍ ပျက်စီးခဲ့သော ဓာတ်လှေကားကိုပြင်ဆင်လုပ်ဆောင်ထားသည့်အပြင် ဘုရားဖူးများအတွက် အကူအညီပေးနိုင်ရန် ဓာတ်လှေကားဝန်ထမ်း ၃၀ ကျော်ကို သင်တန်းများ ပို့ချထားကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ သိရသည်။

ပြီးခဲ့သည့် မြန်မာနှစ်ဆန်း ၂ ရက်က မိုးကြိုးစက်ကွင်းကြောင့် မြောက်ဘက်စောင်းတန်းမှ ဓာတ်လှေကား ဆားကစ်များပျက်စီးခြင်းကို ပြင်ဆင်လုပ်ဆောင်ပြီးဖြစ်သည့် အပြင် သင်တန်းများပို့ချ၍လည်း စီစဉ်ပေးထားကြောင်း သိရသည်။

“အဲဒီနေ့က လျှပ်စစ်မီးပြတ်တောက်ပြီး လျှပ်စစ်မီးပြန်လာပေမယ့် ဆားကစ်ကို မိုးကြိုးစက်ကွင်းထိမှန်ပျက်စီးသွားတာကြောင့် ဆားကစ်အလုပ်မလုပ်တော့ဘဲ ဖြစ်တာကြောင့် တံခါးလည်း ဖွင့်မရဘဲ မိနစ် ၄၀ လောက် အခက်အခဲဖြစ်ခဲ့ရပါတယ်။ အခုတော့ အားလုံးပြင်ဆင်ဆောင်ရွက်ပြီးစီးတဲ့အပြင် လိုအပ်တဲ့ အကူအညီတွေပေးနိုင်ဖို့ ဓာတ်လှေကားဝန်ထမ်းတွေကို သင်တန်းပေးထားပါတယ်” ဟု ဂေါပကအဖွဲ့ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်က ရှင်းပြသည်။

ထိုဖြစ်စဉ်ကြောင့် မြောက်ဘက်စောင်းတန်း ဓာတ်လှေကားအတွင်း မိနစ် ၄၀ ခန့် ပိတ်မိခဲ့သော ဘုရားဖူးများအတွက် စိုးရိမ်ထိတ်လန့်မှုမဖြစ်စေရန်စီစဉ်နိုင်ခဲ့ပြီး စိုးရိမ်လွန်၍ ထိတ်လန့်သော သူများကိုလည်း ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ ရွှေတိဂုံစေတီတော်ရှိ စောင်းတန်းလေးခုအနက် အရှေ့ဘက်၊ တောင်ဘက်၊ မြောက်ဘက်တို့တွင် ဓာတ်လှေကားနှစ်စင်းနှုန်းဖြင့် စုစုပေါင်းခြောက်စင်းရှိပြီး တစ်စင်းလျှင် ဓာတ်လှေကားဝန်ထမ်းခြောက်ဦး တာဝန်ပေးကာ စုစုပေါင်း ၃၆ ဦးကို သင်တန်းများပေး၍ တာဝန်ချထားလျက်ရှိကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် စေတီရင်ပြင်တော်ပေါ်တွင် ဆေးခန်းလည်းဖွင့်လှစ်ထားပြီး လိုအပ်သော အကူအညီများပေးနိုင်ရန် ဝတ္တကမြေအတွင်း၌ လုံခြုံရေးနှင့် မီးသတ်ဝန်ထမ်းများကို တာဝန်ချထားကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

# မြိတ်၌ ကိုယ့်အားကိုယ်ကိုး လမ်းအဆင့်မြှင့် ပြုပြင်

မြိတ် မေ ၄

မြိတ်ခရိုင် မြိတ်တောင်ကျေးရွာအုပ်စုရှိ လမ်းမကြီးကို မြေနီသားလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလမ်းတွင် နေထိုင်ကြသည့် ပြည်သူများနှင့် စေတနာရှင်အလှူရှင်များ၏ ထောက်ပံ့မှုကြောင့် အရှည်ပေ ၃၀၀၀ ကျော်၊ အကျယ် ၁၂ ပေဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ လမ်းမကြီးအတွက် ကတ္တရာရရှိရေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး လမ်းမကြီးပြီးစီးပါက မြိတ်မြို့သို့ ရာသီမရွေးသွားလာနိုင်မည်ဖြစ်သည်။ အဆိုပါလမ်းကို အောင်မင်္ဂလာလမ်းမကြီးဟု ခေါ်ပြီး လမ်းကော်မတီအနေဖြင့် ကျန်ရှိသည့် လမ်းတိုလမ်းရှည်များကိုလည်း ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် မိုးရာသီ၌ အလှသစ်ပင်များကိုလည်း စီမံချက်နှင့်အညီ စုပေါင်းစိုက်ပျိုးသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

မိုးဟိန်း (မြိတ်)

# သင်တန်းသားများ ခေါ်ယူ

ရန်ကုန် မေ ၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်မှု သင်တန်းကျောင်း၌ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ်(၃)နှင့် အဆင့်မြင့် သင်တန်းအမှတ်စဉ်(၂) တို့ကို ၂၀၁၃ ခုနှစ် မေလလယ်၌ ဖွင့်လှစ်မည်ဖြစ်ရာ မည်သည့်ဘွဲ့ရထားသူမဆို အမှတ် ၂၂၈-၂၄၀ ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)


# ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ (မက်စ်မြန်မာ ကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ) ဝဏ္ဏကျော်ထင် စည်သူ ဦးဇော်ဇော် သည် (၃၀-၄-၂၀၁၃)ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ မှ ချီးမြှင့်သည့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ တာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်အဖြစ် နိုင်ငံတော်သမ္မတ ၏ ဂုဏ်ထူးဆောင်လက်မှတ် အား ချီးမြှင့်ခံရခြင်းအတွက် အထူးပင်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုး ပိုမို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

MYANMAR FOOTBALL FEDERATION ESTABLISHED 1947

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နှင့်
မြန်မာနေရှင်နယ်လိဂ်ကော်မတီ

MYANMAR NATIONAL LEAGUE

# ယခင်ဇာတ်လမ်းတွဲများနှင့် မတူ တစ်မူထူးခြားသော Transformers ဇာတ်လမ်းတွဲသစ် ဇူလိုင်လတွင် စတင်ရိုက်ကူးမည်



ရုပ်ရှင်ချစ်ပရိသတ် အတော်များများ နှစ်သက်လက်ခံအားပေးခဲ့ကြသည့် Transformer ဇာတ်လမ်းတွဲများ၏ ဇာတ်လမ်းသစ်တွင် သရုပ်ဆောင် မာ့ခ်ဝဲလ်ဘတ်ခ်နှင့်အတူ အမေရိကန် ဟာသမင်းသား Kelsey Grammer က ဗီလိန်တစ်ယောက်အနေဖြင့် ပါဝင်သရုပ်ဆောင်ပေးရန် သဘောတူညီမှုရရှိထားပြီးဖြစ်သည်။

အသက် (၅၈)နှစ်အရွယ်ရှိ သရုပ်ဆောင် Kelsey သည် လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်းက Cheers and Frasier ဇာတ်ကားတွင် စိတ်ကျန်းမာရေးအထူးကုဆရာဝန် ဒေါက်တာ ဖရာစီယာကရိန်းအဖြစ်လည်းကောင်း၊ မကြာမီကမှ သရုပ်ဆောင်ခဲ့ပြီး Starz ရုပ်သံလိုင်း၏ Boss အမည်ရှိ ဒရာမာဇာတ်လမ်းတွဲတွင်လည်း စိတ်ကူးယဉ်တတ်သော ချီကာဂိုမြို့၏ မြို့တော်ဝန်တစ်ဦးအနေဖြင့် ပါဝင်သရုပ်ဆောင်ထားသည်။

ယခုတစ်ဖန် Transformers ဇာတ်လမ်းတွဲသစ်တွင် သရုပ်ဆောင် Kelsy က Harold Attinger အမည်ရှိ ထောက်လှမ်းမှုတန်ပြန်စစ်သည်တစ်ဦးအနေဖြင့် ပါဝင်သရုပ်ဆောင်ထားသည်။

သရုပ်ဆောင်မာ့ခ်ဝဲလ်ဘတ်ခ်၊ ဂျက်ရေးနော်၊ အမေရိကန်သရုပ်ဆောင် Stanley Tucci နှင့် အမေရိကန်မင်းသမီး Nicola Peltz တို့ ပါဝင်သရုပ်ဆောင်ထားသော အဆိုပါဇာတ်ကားကို အမည်နာမအတိအကျ မသတ်မှတ်ရသေးသော်လည်း ယင်းဇာတ်ကား၏ ထုတ်လုပ်ရေးလုပ်ငန်းများကို လာမည့်ဇူလိုင်လတွင် စတင်ကာ ၂၀၁၄ ခုနှစ် ဇွန် ၂၇ ရက်တွင် ရုံတင်ပြသနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ယခုအသစ်ထွက်ရှိမည့် Transformers ဇာတ်ကားသစ်သည် ယခင်ထွက်ရှိပြီးသား ဇာတ်ကားသုံးကားနှင့် အတော်ထူးခြားကွဲလွဲသော ဇာတ်အိမ်တည်ဆောက်ပုံများဖြင့် မြင်တွေ့ရမည်ဖြစ်ကြောင်း၊ သို့သော် ယခင် ဇာတ်ညွှန်းများမှ သဘာဝကျကျ ကူးပြောင်းနိုင်ဖို့အတွက် သရုပ်ဆောင်အသစ်များကိုလည်း ရွေးချယ်ထားပါကြောင်း၊ ယင်းဇာတ်ကားသည် ချီကာဂို၌ စစ်ပွဲဖြစ်ပွားပြီး လေးနှစ်အကြာဖြစ်ရပ်များကို ရိုက်ကူးပုံဖော်ထားခြင်းဖြစ်ကြောင်း Transformers ဇာတ်လမ်းတွဲများ၏ ပင်တိုင်ဒါရိုက်တာ မိုက်ကယ်ဘေးက သူ၏ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြသွားခဲ့သည်။

# လူပုံတူပွားစက် အလိုရှိနေသည့် အဆိုတော်နှင့် သရုပ်ဆောင် မိုင်လီဆိုင်းယက်စ်

၂၀၁၀ ခုနှစ်က Can't Be Tamed အယ်လ်ဘမ်ထွက်ရှိပြီးနောက်ပိုင်း အနုပညာလှုပ်ရှားမှု ခြေလှမ်းကျဲသွားခဲ့ရသည့် အဆိုတော်နှင့်သရုပ်ဆောင် မိုင်လီဆိုင်းယက်စ်က ယခုလက်ရှိတွင် သူမ၏ အယ်လ်ဘမ်အသစ်ထွက်ရှိရေးအတွက် အလုပ်ရှုပ်နေခြင်းကြောင့်လည်းကောင်း၊ Celebrity တစ်ယောက်အနေဖြင့် များပြားလှသောတာဝန်များကြောင့်လည်းကောင်း လူပုံတူပွားသည့်စက်တစ်လုံး အလိုရှိကြောင်း သူမ၏တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြသွားခဲ့သည်။

အသက်(၂၀)အရွယ်သာရှိသေးသည့် အဆိုတော်နှင့် သရုပ်ဆောင်မိုင်လီဆိုင်းယက်စ်က များပြားလှသော လုပ်ငန်းဆောင်တာများကြောင့် သူမ၏မှတ်ဉာဏ်ဝေဝါးကာ ခွဲခြားသိမြင်မှုအားနည်းလာခဲ့ကြောင်း၊ ထို့ပြင် သူမ၏ချစ်သူ Liam Hemsworth အတွက် အချိန်ပေးမှုလည်း နည်းပါးခဲ့ရပါကြောင်း၊ ထို့ကြောင့် သူမ၏တာဝန်များအား ကူညီဆောင်ရွက်ပေးရန် လူပုံတူပွားသည့် နည်းပညာကသာ သူမကိုအဆိုပါပြဿနာများအား ကူညီဖြေရှင်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။

ယခုလက်ရှိတွင် မိုင်လီသည်သူမ၏ အယ်လ်ဘမ်အသစ်ကို ယခုနှစ်မကုန်ခင် ထွက်ရှိရန် ကြိုးပမ်းလျက်ရှိပြီး တေးဂီတပြဇာတ်တွင် ပါဝင်သရုပ်ဆောင်ရန် ကမ်းလှမ်းမှုအပေါ်လည်း အထူးအာရုံထားကြိုးစားနေပါကြောင်းနှင့် "ကျွန်မ အခုလောလောဆယ်မှာ အယ်လ်ဘမ်အသစ်အတွက် အသံသွင်းခြင်းလုပ်ငန်းကိုပဲ အထူးအာရုံစိုက်ထားပါတယ်။ အဲဒီထက်အရေးကြီးတာ ဘာမှမရှိပါဘူး" ဟု လူမှုကွန်ရက်ဝက်ဘ်ဆိုက်တစ်ခုသို့ ပြောကြားသွားခဲ့ကြောင်း သိရသည်။



**ဖြိုးစန္ဒာမြင့် စုစည်းဖော်ပြသည်**

# အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေအထိ ဖြစ်တတ်သည်။

### လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုး ဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့်ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကိုဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင် တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါး လိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**











# လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန်　မေ　၄

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Junior Golf Myanmar ကြီးမှူးကျင်းပသော 1st Junior Golf Myanmar Tournament 2013 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ်(ဒညင်းကုန်း)၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က (၁၀)နှစ်အောက်ပြိုင်ပွဲတွင် နှစ်ရက်ပေါင်း(၂၁၁)ချက်ဖြင့် တတိယရရှိသော ကျော်စိုးဟန်၊ နှစ်ရက်ပေါင်း(၁၉၈)ချက်ဖြင့် ဒုတိယရရှိသော ကောင်းမြတ်ကျော်နှင့် နှစ်ရက်ပေါင်း (၁၆၃) ချက်ဖြင့် ဗိုလ်စွဲသွားသော ဖြိုးဇံတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က (၁၄)နှစ်အောက်ပြိုင်ပွဲတွင် နှစ်ရက်ပေါင်း (၁၅၈) ချက်ဖြင့် တတိယရရှိသော ဖူးပွင့်ရတီခိုင်၊ နှစ်ရက်ပေါင်း (၁၅၇)ချက်ဖြင့် ဒုတိယရရှိသော ဖုန်းပြည့်ချမ်းဟန်၊ နှစ်ရက်ပေါင်း (၁၅၇)ချက် (Play Off) ဖြင့် ဗိုလ်စွဲသွားသော ဟိန်းစည်သူတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက (၁၈-၂၄) နှစ်အောက်ပြိုင်ပွဲတွင် နှစ်ရက်ပေါင်း (၁၄၉)ဖြင့် တတိယရရှိသော ယဉ်မေမျိုး၊ နှစ်ရက်ပေါင်း (၁၄၈)ချက်ဖြင့် ဒုတိယရရှိသော သီဟဌေး၊ နှစ်ရက်ပေါင်း (၁၄၇)ချက်ဖြင့် ဗိုလ်စွဲသွားသော ဇင်မင်းသူတို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော လူငယ်ဂေါက်သီးရိုက်အားကစားသမားများ စိတ်ဓာတ်တက်တက်ကြွကြွနှင့် စိတ်ချမ်းမြေ့စွာ ပါဝင်ယှဉ်ပြိုင်ရေးအတွက် Co-Sponsor များအဖြစ် Elite Tech,J' Donuts (J&J Co.,Ltd.)၊ Myanmar Thiha Co.,Ltd., IBTC Group of Companies, Double Eagle Golf Co., Ltd., Han Golf Masters Pte.,Ltd နှင့် Kaung Myat Co.,Ltd. တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကြောင်း သိရသည်။

(ကြေးမုံ)

# ဘင်နီတက်ဇ်နှင့် ဗန်ပါစီ တစ်လတာအကောင်းဆုံးဆုများ ဆွတ်ခူး

ချယ်လ်ဆီးအသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်နှင့် မန်ယူတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီတို့သည် ပရီမီယာလိဂ်၏ ဧပြီတစ်လတာအကောင်းဆုံး နည်းပြဆုနှင့် အကောင်းဆုံးကစားသမားဆုတို့ အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

၂၀၁၁ ခုနှစ် ဧပြီက နည်းပြအန်ဆန်လော့တီ တစ်လတာအကောင်း ဆုံးနည်းပြဆုကို ရရှိခဲ့ပြီးနောက် ချယ်လ်ဆီးယာယီနည်းပြဘင်နီတက်ဇ်သည် တစ်လတာအတွင်း လေးပွဲတွင် သုံးပွဲအနိုင်ရလဒ်နှင့်အတူ ချယ်လ်ဆီးနည်းပြတစ်ဦးအနေဖြင့် ပထမဆုံးပြန်လည်ရရှိသော နည်းပြဆုလည်းဖြစ်ခဲ့သည်။




ချယ်လ်ဆီးအသင်းသည် ဧပြီတစ်လတည်းတွင် ဆွမ်ဆီးအသင်း၊ ဆန်းဒါးလန်းအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ကို အနိုင်ရရှိခဲ့ပြီး လီဗာပူးအသင်းကို သရေကစားနိုင်ခဲ့သည်။ ယင်းရလဒ်က ချယ်လ်ဆီးအသင်းကို အမှတ်ပေးဇယား၏ တတိယနေရာသို့ ရောက်ရှိစေခဲ့သည်။

ထို့အပြင် နည်းပြဘင်နီတက်ဇ်သည် ချယ်လ်ဆီးအသင်းအား ဆွစ်ဇာလန်ကလပ် ဘေဆယ်အသင်းကို အနိုင်ကစားကာ ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ရေး အကောင်းဆုံးကိုင်တွယ်ခဲ့သည့် နည်းပြတစ်ဦးလည်းဖြစ်သည်။ ထို့ကြောင့် ပရီမီယာလိဂ်၏ ဧပြီတစ်လတာအကောင်းဆုံးနည်းပြဆုကို ရရှိခဲ့ခြင်းဖြစ်သည်။




ပီအက်ဖ်အေ၏ အဓိကဆုနှစ်ဆုနှင့် လွဲခဲ့ရသော မန်ယူတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီသည်လည်း ပရီမီယာလိဂ်၏ ဧပြီတစ်လတာအကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သည်။

တိုက်စစ်မှူးဗန်ပါစီသည် ဧပြီလအတွင်းက ခြောက်ဂိုးသွင်းယူကာ မန်ယူအသင်း၏ အကြိမ်(၂၀)မြောက် ဖလားကို သိမ်းပိုက်နိုင်ရန် အကူအညီပေးခဲ့သည်။

နယ်သာလန်ကြယ်ပွင့် ရော်ဘင်ဗန်ပါစီသည် ပြီးခဲ့သည့် ဩဂုတ်လက အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၂၄ သန်းဖြင့် မန်ယူသို့ ရောက်ရှိလာခဲ့ပြီး နောက် မန်ယူအသင်းအတွက် ပရီမီယာလိဂ် ၃၉ ပွဲတွင် ၂၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

ဧပြီ ၂၂ ရက်က မန်ယူနှင့် အက်စတွန်ဗီလာတို့၏ ပွဲစဉ်တွင် မန်ယူအသင်းအတွက် ဟက်ထရစ်သွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် မန်ယူတိုက်စစ်မှူး ဗန်ပါစီသည် ပရီမီယာလိဂ်၏ ဧပြီတစ်လတာအကောင်းဆုံးကစားသမားဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

နိုင်လင်းကြည်

# ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ကာ စတမ်းဖို့ဒ်ဘရစ်ချ်သို့ ပြန်လာမှာလား မော်ရင်ဟို

ဥရောပဘောလုံးလောကတွင် နည်းပြအဖြစ် ကိုင်တွယ်ချိန်မှစတင်ကာ ဖလားလက်မဲ့ရာသီဆိုတာ မရှိအောင် နာမည်ကောင်းဖြင့် ကျော်ကြားလျက်ရှိသော ပေါ်တူဂီနိုင်ငံသားနည်းပြကြီး မော်ရင်ဟိုသည် ရောက်လေရာအသင်းတိုင်းတွင် စပါယ်ရှယ်ဝမ်းဆိုသည့်ဂုဏ်ပုဒ်နှင့်အညီ အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့ပြီး လက်ရှိတွင်လည်း စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာကာ ယခင်က အင်္ဂလန်မြေတွင် အောင်မြင်မှုသရဖူ ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးထားသည့် ချယ်လ်ဆီးအသင်းနှင့် ပြန်လည်လက်တွဲမည်ဆိုသော သတင်းမှာ ဘောလုံးလောကတွင် ပျံ့နှံ့လျက်ရှိသည်။

မော်ရင်ဟိုသည် လက်ရှိကလပ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ၂၀၁၆ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသော်လည်း သမီးဖြစ်သူ၏ လန်ဒန်မြေတွင် ပညာတော်သင်လိုသည့်ဆန္ဒနှင့်အတူ အင်္ဂလန်ဘောလုံးလောကကို ချစ်မြတ်နိုးနေသည့် နည်းပြကြီး မော်ရင်ဟို ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာကာ ဇူလိုင် ၁ ရက်တွင် အသင်းဟောင်းချယ်လ်ဆီးအသင်းသို့ တစ်ကျော့ပြန်လည်ကိုင်တွယ်မည်ဆိုသော သတင်းများ ထွက်ပေါ်ခဲ့သည်။

မော်ရင်ဟို ချယ်လ်ဆီးသို့ပြန်လာမည်ဆိုပါက အတားအဆီးအခက်အခဲရှိမည်မဟုတ်ပေ။ ယင်းမှာ ချယ်လ်ဆီးအသင်းကို အေဘရာဟီမိုဗစ်ချ်ပိုင်ဆိုင်ချိန်မှစတင်ကာ အေဘရာမိုဗစ်ချ်အကြိုက်တွေ့သည့် နည်းပြများထဲတွင် မော်ရင်ဟိုသည် ထိပ်ဆုံးကဖြစ်သည်။

မော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းကို ကိုင်တွယ်ခဲ့သည့် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ် စက်တင်ဘာလအထိ သုံးရာသီအတွင်း ပရီမီယာလိဂ်ဖလားနှစ်ကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်၊ လိဂ်ဖလားနှစ်ကြိမ်နှင့် ကွန်မြူနတီဒိုင်းတစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် ၂၀၀၄ နိုဝင်ဘာ၊ ၂၀၀၅ ဇန်နဝါရီနှင့် ၂၀၀၇ မတ်လတို့တွင် ပရီမီယာလိဂ်တစ်လတာ အကောင်းဆုံးနည်းပြဆုများရရှိခဲ့သည့်အပြင် ၂၀၀၄-၂၀၀၅ နှင့် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတို့တွင် တစ်နှစ်တာအကောင်းဆုံးနည်းပြဆုများကို ရရှိခဲ့သည်။

ယင်းသို့သော မော်ရင်ဟို၏စွမ်းဆောင်ရည်ကောင်းမွန်မှုများကြောင့် ချယ်လ်ဆီးပရိသတ်ကလည်း မော်ရင်ဟိုကို စတမ်းဖို့ဒ်ဘရစ်ချ်သို့ပြန်လာရန် မျှော်လင့်နေကြသည်။ ထို့အပြင် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်ကလည်း အခြားနည်းပြများကို သဘောမတွေ့ဘဲ တစ်ယောက်ပြီးတစ်ယောက် ခန့်အပ်လိုက်၊ ထုတ်ပယ်လိုက်ဆိုသည့် သံသရာဝဲကို လည်ပတ်နေရသည်။

မဝေးသေးသည့်အချိန်ကာလကို ပြန်ကြည့်လျှင် အေဘရာမိုဗစ်ချ်သည် လက်ရှိစပါးအသင်းသို့ ရောက်ရှိနေသည့် ဗီလာဘိုအာ့စ်၊ ၎င်း၏လက်ထောက် ဒီမတ်တီယိုတို့ကို ထုတ်ပယ်ခဲ့သည့်အပြင် လက်ရှိခန့်အပ်ထားသည့် လီဗာပူးနည်းပြဟောင်း ရာဖေးဘင်နီတက်ဇ်ကိုလည်း ယာယီနည်းပြအဖြစ်သာ ခန့်အပ်ထားသည်။

ထို့ကြောင့် မော်ရင်ဟိုအနေဖြင့် အသင်းဟောင်းချယ်လ်ဆီးအသင်းနှင့် လက်တွဲမည်ဆိုပါက ပရိသတ်အကြိုက်၊ အသင်းပိုင်ရှင်အကြိုက်ဖြစ်၍ အခက်အခဲအတားအဆီးမရှိနိုင်သော်လည်း လက်ရှိအခြေအနေအရ ချယ်လ်ဆီးအသင်းသို့ပြန်လာရေးအတွက် သဘောတူညီရန်အသင့်ရှိနေသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာရန်အတွက်မူ မဆုံးဖြတ်ရသေးကြောင်း မော်ရင်ဟိုက ထုတ်ဖော်ပြောကြားခဲ့သည်။


## အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၊ အကျိုးဆောင်စာရင်းစစ် **ဦးကျော်ဝင်း** (MD, National Wood Industry Ltd) အား ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် တန်ဖိုးမြင့်ထုတ်ကုန် အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဖြစ်ခြင်းကြောင့် အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်ချီးမြှင့်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ **နိုင်ငံ့စွမ်းဆောင်ရည်ဆု (တန်ဖိုးမြင့်ထုတ်ကုန် အကောင်းဆုံး ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု)** ကို (၃၀-၄-၂၀၁၃)ရက်နေ့တွင် ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ ဆက်လက်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များ အကောင်းဆုံး ဆတက်ထပ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးစိန်လှိုင်၊ Chairman
Diamond Mercury Wood Product Ltd

ဦးဘာဘာချို၊ Managing Director
Myanmar Inter Safe Co., Ltd

ဒေါက်တာမျိုးသက်၊ Chairman
Sein Yadanar Wut Hmon Co., Ltd

ဦးနေထွန်းမင်း၊ Director
Two Triangle Co.,Ltd

ဦးထွန်းလှိုင်၊ Managing Director
Shwe Me Co.,Ltd

ဦးမင်းဇော်ကောင်း၊ Managing Director
Win Enterprise Ltd

ဦးအောင်နိုင်ဦး၊ Managing Director
Fly Man Co.,Ltd

ဦးလင်းဝင်း၊ Managing Director
Aung Sein Lin Co.,Ltd

ဦးအောင်မျိုး၊ Managing Director
Mogok Pride Co.,Ltd

ဦးမင်းသိန်း၊ Director
Lin Win Co.,Ltd

# ရန်ကုန်-ပဲခူး ကားလမ်း၌ ယာဉ်တစ်စီးမီးလောင်

ပဲခူး မေ ၄

ပဲခူးမြို့နယ် အင်းတကော်ရဲစခန်းအပိုင် လက်ပံဝင်းကျေးရွာအနီး ရန်ကုန်-ပဲခူး ကားလမ်းမပေါ်၌ မေ ၃ ရက် ည ၉ နာရီက ယာဉ်တစ်စီး မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပဲခူးမြို့နယ် အင်းတကော်ရဲစခန်းအပိုင် ရဲစခန်းအရှေ့ဘက် ငါးမိုင်ခန့်အကွာ ရန်ကုန်-မန္တလေး ပုံမှန်ကားလမ်း မိုင်တိုင်အမှတ် (၃၉/၅) နှင့် ၆ ကြား ပဲခူးမြို့နယ် လက်ပံဝင်းကျေးရွာအနီးတွင် ရန်ကုန်ဘက်မှ ပဲခူးဘက်သို့ ဆက်သွယ်ရေးသုံးဖိုက်ဘာပြားများနှင့် သံဖရိန်များတင်ဆောင်လာသည့် ၇ဂ/---- ယူဒီနစ်ဆန်းအမျိုးအစား အနက်ရောင် ၂၂ ဘီးယာဉ်သည် တိုက်ရော့ပြုတ်၍ လမ်းဘေးထိုးကျစဉ် ကားခေါင်းမှ ဝါယာရှော့ဖြစ်ကာ မီးလောင်ခဲ့ပြီး ယာဉ်မောင်းမှာ အခင်းဖြစ်နေရာမှ ထွက်ပြေးတိမ်းရှောင်သွားကြောင်းသိရသည်။

ကားမီးလောင်ရာသို့ ပဲခူးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးသန်းမြင့် ဦးစီးသောမီးသတ်ယာဉ် တစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အင်းတကော်ရဲစခန်းမှ စခန်းမှူး ဦးစီးတပ်ဖွဲ့ဝင်များ၊ အခင်းဖြစ်အနီးပတ်ဝန်းကျင်ရှိ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူ/တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိဘဲ ယူဒီနစ်ဆန်းယာဉ်၏ ခေါင်းပိုင်းတစ်ခုလုံး မီးလောင်ပျက်စီးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းမျိုးသိန်း အသက်(၄၃)နှစ် ရွှေပြည်သာ ရန်ကုန်မြို့နေသူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး သက်သေခံယာဉ်အား သိမ်းဆည်းရမိခဲ့သည်။ **(၅၈၈)**

**ပဲခူးမြို့နယ် အင်းတကော်ရဲစခန်းအပိုင် လက်ပံဝင်းကျေးရွာအနီး ရန်ကုန်-ပဲခူးကားလမ်းမပေါ်၌ ယူဒီနစ်ဆန်းယာဉ် မီးလောင်နေစဉ်။ (၄၀၃)**



# တံတားသံပေါင်ဝင်တိုက်၍ ကားတိမ်းမှောက် တစ်ဦးသေပြီး ခြောက်ဦးဒဏ်ရာရ

တောင်ကုတ် မေ ၄

ဧပြီ ၂၆ ရက် နံနက် ၅ နာရီ ၄၅ မိနစ်က ရခိုင်ပြည်နယ် တောင်ကုတ်မြို့မှ ၂၈ မိုင် ၅ ဖာလုံအကွာ ကျောင်းကုန်းကျေးရွာအနီး ကျင်းချောင်းတံတားအမှတ်(၅/၂၈)နေရာ၌ ယာဉ်တစ်စီး တံတားယာဘက်သံပေါင်အား ဝင်တိုက်မိကာ လမ်းဘေးသို့တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ယာဉ်မောင်းသန်းဘို (၃၁)နှစ် အမှတ် (၄)ရပ်ကွက် အောင်ဆိပ်ရပ် ရမ်းဗြဲမြို့နေသူ မောင်းနှင်သည့် CANTER အမျိုးအစားယာဉ်သည် ဧပြီ ၂၆ ရက် နံနက်က ရမ်းဗြဲမှ သံတွဲမြို့သို့ ထွက်ခွာလာခဲ့သည်။ ကားပေါ်၌ အမျိုးသား ရှစ်ဦး၊ အမျိုးသမီးကိုးဦး တင်ဆောင်ခဲ့ပြီး ကျင်းချောင်းတံတားနေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တံတားယာဘက်သံပေါင်အား ဝင်တိုက်မိကာ တိမ်းမှောက်သွားခဲ့သည်။

အဆိုပါ ကားတိမ်းမှောက်မှုကြောင့် ခရီးသည် ဦးတင်လှိုင် (၃၅)နှစ် အမှတ် (၆) ရပ်ကွက် ရမ်းဗြဲမြို့နေသူမှာ ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာဖြင့် သေဆုံးပြီး ခရီးသည် ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား ရွှေလှတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်း သန်းဘိုအား ရွှေလှရဲစခန်းက လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၃၃၃)**




**ရန်ကုန်မြို့ လှိုင်မြို့နယ် အင်းစိန်လမ်းမ မြန်မာ့စီးပွားရေးဘဏ်ရှေ့၌ မေ ၃ ရက် ည ၁၁ နာရီခွဲခန့်တွင် ရန်ကုန်မှ အင်းစိန်သို့မောင်းနှင်လာသော ယာဉ်အမှတ် ၂က/---- သည် လမ်းလယ်ဓာတ်တိုင်အား ဝင်တိုက်မိရာ ဓာတ်တိုင်မှာ ကားနှင့်အတူ ပေ ၁၀၀ ခန့်အကွာသို့ ချိတ်ပါသွားစဉ်။**

နိုင်ငံတကာ သတင်းဂျာနယ်
INTERNATIONAL NEWS JOURNAL
ကြော်ငြာနှင့် ဖြန့်ချိရေး ဖုန်း - ၂၉၁၈၃၃၊ ၂၉၂၈၃၀၊ ၂၉၄၄၂၇

# ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အလှူငွေများ လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံအတွင်း ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ စက်ရေတွင်းတစ်တွင်းလျှင် ကုန်ကျစရိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | ၂" ø x ၂၀၀' | ၂" ø x ၄၀၀' | ၄" ø x ၂၀၀' | ၄" ø x ၄၀၀' |
|---|---|---|---|---|---|
| (က) | စက်ရေတွင်း တူးဖော်ခြင်း | ၄. ၉၅ သိန်း | ၉. ၀၅ သိန်း | ၉. ၉၅ သိန်း | ၁၉. ၀၅ သိန်း |
| (ခ) | လေမှုတ်စက်+ အင်ဂျင်တပ်ဆင်ခြင်း | ၂. ၃၅ သိန်း | ၃. ၂၅ သိန်း | ၂. ၃၅ သိန်း | ၃. ၂၅ သိန်း |
| (ဂ) | ရေစက်ရုံ ဆောက်လုပ်ခြင်း | ၄. ၇ သိန်း | ၄. ၇ သိန်း | ၄. ၇ သိန်း | ၄. ၇ သိန်း |
| (ဃ) | ဂါလန်(၂၀၀၀)ဆံ့ ရေကန် | ၁၃ သိန်း | ၁၃ သိန်း | ၁၃ သိန်း | ၁၃ သိန်း |
| | စုစုပေါင်း | ၂၅ သိန်း | ၃၀ သိန်း | ၃၀ သိန်း | ၄၀ သိန်း |

၂။ သို့ဖြစ်ပါ၍ စေတနာရှင်ပြည်သူ/အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။ လှူဒါန်းလိုပါက ညွှန်ကြားရေးမှူးချုပ် (၀၆၇-၄၀၉၀၂၆)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း) (၀၆၇-၄၀၉၂၁၁)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံကိန်း)(၀၆၇-၄၀၉၃၆၂)၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)(၀၆၇-၄၀၉၄၀၉)၊ ဒုတိယညွှန်ကြားရေးမှူး (၀၁-၂၀၂၇၁၄)ဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် ရေအကျိုးဆယ်ပါး မတောင်းဘဲနှင့်ပြည့်စုံနိုင်စေကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**




## လူပျောက်

ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ စက်မှုလမ်း၊ မ/၈၉၂နေ ဦးခင်မောင်၏ သားဖြစ်သူ ကိုသူရကျော် (ခ)သံချောင်း[၁၂/စခန(ပြု)၀၀၀၁၀၅](၂၁)နှစ်သည် ၁-၅-၂၀၁၃ ရက် ညနေ ၅ နာရီတွင် နေအိမ်မှ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။(အရပ် ၅' ၆"၊ အသားဖြူ၊ မျက်နှာဝိုင်း)၊ ကျေးဇူးဆပ်ပါမည်။ (လက်ခံထားသူအား တရားဥပဒေအရ အရေးယူမည်။)
ဖုန်း-၀၉-၅၄၀၈၁၁၁၊ ၀၉-၇၃၁၇၀၆၆၀

ရွှေဥဒေါင်းမင်း 09421152677, 09421122687
55000 May 10 17 23

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင်
Ph:209200,430480,544383

YC
၉-၁၀တန်း
ဝိုင်း-၄၀၀၀၀ိ/
ရှယ်-၅၀၀၀၀ိ/
09-73105201

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph: 209077, 09-731 67000
209388, 09-731 68000

ဆရာဌေး အင်္ဂလိပ်စာသင်တန်း
Ph: 01-375970, 0951 72096, 0950 47516

# မီးအားမြှင့်စက်များကို အန္တရာယ်ကင်းအောင် ဘယ်လိုသုံးကြမှာလဲ

ယနေ့အချိန်အခါ မြန်မာနိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားသုံးစွဲသည့်နေရာ အတော်များများတွင်လျှပ်စစ်ဓာတ်အား(VOLTAGE)ဗို့မပြည့်မီမှုကြောင့် မီးအားမြှင့်စက် (VOLTAGE REGULATOR TRANSFORMER)များကို အသုံးပြုနေကြဆဲဖြစ်လေသည်။

အဆိုပါမီးအားမြှင့်စက်(TRANSFORMER) များကို များသောအားဖြင့် ပြည်တွင်းမှာပင် ထုတ်လုပ်ရောင်းချကြခြင်း ဖြစ်လေသည်။ မီးအားမြှင့်စက်ထုတ်လုပ်ရာတွင်-

(၁) လက်လှည့်စနစ် (MANUAL TYPE)

(၂) အလိုအလျောက်ထိန်းစနစ် (AUTOMATIC TYPE) နှင့်

(၃) လက်လှည့်စနစ်နှင့် အလိုအလျောက်ပေါင်းစနစ် (MANUAL + AUTOMATIC TYPE)ဟူ၍ သုံးမျိုးထုတ်လုပ်ကြပါသည်။

အမှတ်စဉ်(၁)ဖြစ်သည့်လက်လှည့်စနစ် (MANUAL TYPE) တွင် လျှပ်စစ်ဗို့အားကို လိုအပ်သလို တင်ခြင်း၊ ချခြင်း ပြုလုပ်နိုင်ရန် လက်လှည့်ခလုတ် (REGULATOR) တစ်ခုပါပြီး ဗို့အား လျော့ကျချိန်တွင် လိုအပ်သော ဗို့အားရရှိစေရန် ခလုတ်ကိုလက်ဖြင့်လှည့်၍ တင်ပေးရပါသည်။ ဗို့အားပြန်လည်ပြည့်လာသောအခါ အချက်ပေးသံ(ALARM)မြည်လာလေသည်၊ ယင်းအချက်ပေးသံမြည်လာပါက အမြန်ဆုံး သုံးမိနစ်အတွင်း ခလုတ်ကို လက်ဖြင့်လှည့်၍ အချက်ပေးသံပျောက်သည်အထိ လျှော့ချပေးရပါသည်။ အကယ်၍ အချိန်မီခလုတ်ကို လှည့်၍ လျှော့ချပေးခြင်းမရှိခဲ့လျှင် မီးအားမြှင့်စက်၏ အထွက်ဘက်တွင် ဗို့အားသည် ပိုမိုများပြားနေပြီး ၂၄၀ ဗို့အထက် သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများဖွင့်ထားပါက ပျက်စီးစေနိုင်ပြီး မီးအားမြှင့်စက်တွင်လည်း လျှပ်စစ်သံလိုက်ဓာတ်များ ပိုမိုပြင်းထန်လာသဖြင့် တုန်ခါပြီး အသံများကျယ်လောင်စွာ မြည်လာပါမည်။ နောက်တစ်ဆင့် မီးအားမြှင့်စက်တွင်ပတ်ထားသော ကွိုင်(COILS) များတစ်ခုနှင့်တစ်ခု ရှော့(တ်) (TURNS SHORT) ဖြစ်ကာ အပူဓာတ်များလွန်ကဲလာပြီး မီးလောင်ကျွမ်းမှုကိုဖြစ်ပေါ်စေပါသည်။ မီးအားမြှင့်စက်၏ပတ်ဝန်းကျင်တွင် မီးလောင်လွယ်သော ပစ္စည်းများရှိနေပါက လျင်မြန်စွာမီးလောင်မှုကို ဖြစ်ပေါ်စေပါသည်။

အမှတ်စဉ်(၂)နှင့် (၃)ဖြစ်သော အလိုအလျောက်ထိန်းစနစ်(AUTOMATIC)နှင့် လက်လှည့်စနစ်+အလိုအလျောက်ထိန်းစနစ် (MANUAL+ AUTOMATIC) စနစ်သုံး မီးအားမြှင့်စက်များတွင် ဗို့အားတင်ခြင်း၊ ချခြင်းများကို လူမှလုပ်ကိုင်ပေးရန်မလိုဘဲ အလိုအလျောက်အတင်အချ ပြုလုပ်ပေးနိုင်ပြီး ဗို့အားလိုအပ်သည်ထက်မြင့်တက်လာပါကလည်း အလိုအလျောက်ပိတ်စနစ် (OVER VOLTAGE CUT OFF) ပါရှိသဖြင့် အတော်အတန် စိတ်ချရမှုရှိလေသည်။ သို့သော်လည်း တစ်ခါတစ်ရံ အလိုအလျောက်စနစ် (AUTOMATIC) ချွတ်ယွင်းသွားပါက မီးအားမြှင့်စက်တွင် အပူလွန်ကဲပြီး မီးလောင်ခြင်းကို ဖြစ်ပေါ်စေနိုင်ပါသည်။ ကြိုတင်ကာကွယ်မှုများပြုလုပ်ရာတွင် (၁) မီးအားမြှင့်စက် (TRANSFORMER) များထုတ်လုပ်ရောင်းချသူအပိုင်းမှ တာဝန်ယူလုပ်ဆောင်ရန်နှင့် (၂)မီးအားမြှင့်စက် သုံးစွဲသူများဘက်မှ လုပ်ဆောင်ရန်တို့ဖြစ်ရာ မီးအားမြှင့်စက်သုံးစွဲသူများဘက်မှ လိုက်နာလုပ်ဆောင်ရန် အချက်များကို ဖော်ပြလိုက်ပါသည်။

(က) မီးအားမြှင့်စက် (TRANSFORMER) များကို လွယ်ကူစွာမီးမလောင်နိုင်သော သံပြားထူထူ၊ ကြွေပြားနှင့် မီးခံကျောက်ပြားများပေါ်တွင်တင်ထားပြီး လေဝင်လေထွက်ကောင်းသောနေရာတွင် တပ်ဆင်အသုံးပြုရန်။

(ခ) မြေညီထပ်တွင် နေထိုင်သူများသည် မီးမြှင့်စက်ကို ကြမ်းပြင်တွင် ချထားပြီးအသုံးမပြုရန်နှင့်ကြမ်းပြင်မှ ငါးပေခန့်အမြင့်တွင်ထားရှိပြီး မျက်နှာကြက်နှင့် နီးကပ်စွာထားရှိသုံးစွဲခြင်း မပြုလုပ်ရန်။ (ကြမ်းပြင်နှင့် နီးကပ်စွာထားရှိသဖြင့် မိုးတွင်းမိုးကြီးချိန်တွင် အခန်းတွင်းသို့ ရေများဝင်ရောက်ကာ အခန်းတွင်းနေထိုင်သူများကို ဓာတ်လိုက်သေဆုံးစေသော ဖြစ်ရပ်မျိုး ရှိခဲ့ဖူးပါသည်)

(ဂ) မီးအားမြှင့်စက် အနီးဝန်းကျင်တွင် မီးလောင်လွယ်သော အဝတ်အထည်၊ စက္ကူ ပလတ်စတစ်၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ အင်ဂျင်ဝိုင်နှင့် သဘော်ဆေးစသည်များထားရှိခြင်းမပြုလုပ်ရန်။

(ဃ) မီးအားမြှင့်စက်၏ပတ်ဝန်းကျင်နှင့် အပေါ်ဘက်သည် အမြဲတမ်းအပူချိန်မြင့်နေတတ်သဖြင့် ရေစိုနေသော အဝတ်အထည်များကို အမြန်ခြောက်လိုသောဆန္ဒဖြင့် ဖုံးအုပ်လှမ်းထားခြင်းများ မပြုလုပ်ရန်နှင့် အခြားပစ္စည်းများတင်ထားခြင်း မပြုလုပ်ရန်။

(င) မီးသတ်ဆေးဘူးများ ပေါင်ဒါအမျိုးအစား (POWDER TYPE)သို့မဟုတ် ကာဘွန်တက်ထရာကလိုရိုက် အမျိုးအစား (C.T.C TYPE) များ ထားရှိပေးရန်။

(စ) ညအိပ်ချိန်နှင့် အပြင်သို့ထွက်ချိန်များတွင် မီးမြှင့်စက်ခလုတ်များကို ပိတ်ထားရန်(သို့) အနိမ့်ဆုံးအဆင့်သို့ ချထားပေးရန်။

(ဆ) မီးအားမြှင့်စက် မီးလောင်နေသည်ကို တွေ့ရှိရပါက လျှပ်စစ်မိန်းခလုတ်ကို အမြန်ပိတ်ရန်နှင့် အထက်တွင်ဖော်ပြခဲ့သော (POWDER TYPE)(သို့မဟုတ်)(C.T.C) မီးသတ်ဆေးဘူးများနှင့်ပက်ဖျန်းငြိမ်းသတ်ရန်၊ ဆိုဒါအက်စစ် (SODA-ACID FOAM TYPE) မီးသတ်ဆေးဘူးများကိုအသုံးပြု၍ ငြိမ်းသတ်ခြင်းနှင့် ရေဖြင့်ပက်ဖျန်းငြိမ်းသတ်ခြင်းများ မပြုလုပ်ရန်၊ အကယ်၍မီးသတ်ဆေးဘူးများ မရရှိနိုင်ပါက သဲအခြောက်များဖြင့် ပက်ဖျန်းငြိမ်းသတ်ရန်။

(ဇ) မီးငြိမ်းသတ်ပြီးသား မီးလောင်ထားသော မီးမြှင့်စက်ကို လျှပ်စစ်မိန်းခလုတ်မပိတ်ဘဲ လက်ဖြင့်ကိုင်တွယ်ခြင်းနှင့် ဖယ်ရှားခြင်းများ မပြုလုပ်ရန်။

**ကြီးစိန်**


## အေးငြိမ်းချမ်းသာနေလိုပါသလား



နှစ်ထပ်တိုက်အသစ်ရောင်းမည်။**(ကိုယ်ပိုင်)** ပေ(၄၀×၃၀)၊ အမှတ်(၁၇၈)၊ (ဝ)ရပ်ကွက်၊ ထီးလှိုင်ရှင်လမ်း၊ ပဒေသာမြို့သစ်၊ ပြင်ဦးလွင်မြို့။ **ဖုန်း-၀၉-၂၂၁၀၀၉၁**



## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၄ယ/၄၇၃၀၉၊ Hi-Bird M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်အမာတင် မှတ်ပုံတင်အမှတ်-[၉/မရတ(နိုင်)၀၀၈၄၄၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**



## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၅ယ/၅၅၁၈၁၊ KENBO M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်စန္ဒီကျော်စိုး မှတ်ပုံတင်အမှတ်-[၉/မထန(နိုင်)၀၈၆၄၅၀]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**


# လေပြင်းတိုက်ပြီး မိုးရွာ

**ရေစကြို မေ ၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် မေ ၂ ရက် ညနေ ၅ နာရီခွဲခန့်မှစ၍ လေပြင်းများတိုက်ခတ်ခဲ့ရာ နာရီဝက်ခန့်ကြာပြီးနောက် မိုးရွာခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ရေစကြိုမြို့နှင့် ငါးမိုင်ခန့်အကွာ ကံသစ်ကျေးရွာတွင် ဘုရားစေတီပျက်ကျခြင်း၊ အိမ်အမိုးလန်ခြင်း၊ ပြိုခြင်း၊ သစ်ပင်သစ်ကိုင်းများလဲပြိုခြင်းစသည့် အပျက်အစီးအချို့ရှိခဲ့ကြောင်း ကနဦးသတင်းအရသိရသည်။ မြို့ပေါ်တွင်လည်း လျှပ်စစ်ဓာတ်အားများ ပြတ်တောက်လျက်ရှိသည်။ ယခုကဲ့သို့ ရွာသွန်းခဲ့သောမိုးကြောင့် ဒေသအနှံ့တွင် စိုက်ပျိုးထားသော နွေပဲတီစိမ်းများ၊ နွေနှမ်းများ၊ CP အစေ့ထုတ်ပြောင်းများနှင့် နွေစပါးများအတွက် များစွာအထောက်အကူဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# အင်းဝမြို့ သမိုင်းဝင်မဟာမြတ်မုနိစေတီတော်မှ စကြာမင်းသား၏ ပန်းဆေးကန် စိတ်ဝင်စားသူများပြား

**အင်းဝ မေ ၄**

တံတားဦးမြို့နယ် အင်းဝမြို့ဟောင်း သမိုင်းဝင်မဟာမြတ်မုနိ (စန္ဒာမုနိ) ဘုရားရင်ပြင်တော်တွင် တည်ရှိနေသည့် စကြာမင်းသားလေး (ညောင်ရမ်းမင်းသား) လှူဒါန်းထားခဲ့သည်ဟုဆိုသည့် ကျောက်ဆစ်ပန်းဆေးကန်တော်အား ဘုရားဖူးလာရောက်သူများ စိတ်ဝင်စားစွာ လေ့လာကြကြောင်း သိရသည်။



အင်းဝမဟာမြတ်မုနိဘုရားတွင် တည်ရှိနေသည့် စကြာမင်းသား၏ ပန်းဆေးကန်လေးမှာ စကျင်ကျောက်ဖြူသားကို လှပဆန်းကြယ်သည့် ပုံသဏ္ဍာန်ဖြင့် ထူးခြားစွာ ထုဆစ်ထားခြင်းဖြစ်ပြီး အရွယ်အစားမှာ (၃ ပေ× ၄ ပေခွဲ)ခန့်ရှိသည်။ မဟာမြတ်မုနိ(စန္ဒာမုနိ)ဘုရားကြီးအား ပန်း၊ ရေချမ်း လာရောက်ကပ်လှူပူဇော်ပါက ဘုရားပန်းများကို ဆေးကြောသန့်စင်ရန်နှင့် ရေလဲလှယ်နိုင်ကြရန်အတွက် ကျောက်ဖြူသားဖြင့် ရေကန်ငယ်တစ်ခုကို လှပဆန်းကြယ်စွာ တည်ဆောက်လှူဒါန်းထားခဲ့ခြင်းဖြစ်သည်ဟု ဆိုကြသည်။

ခမည်းတော်ဘကြီးတော်မင်းကြီး ပူဇော်ကိုးကွယ်သည့် စန္ဒာမုနိရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးတို့ကပ်လှူရာတွင် ဘုရားပန်းများကို ဆေးကြောသန့်စင်နိုင်ရန်အတွက် "စကြာမင်းသား"ဟု ထင်ရှားကျော်ကြားလှသည့် သားတော်အိမ်ရှေ့မင်းသား ညောင်ရမ်းမြို့စားက စကျင်ကျောက်ဖြူသားဖြင့် ထုဆစ်ထားသည့် လှပဆန်းကြယ်ရှုချင့်စဖွယ်ဖြစ်သော ပန်းဆေးကန်တော်လေးအား လှူဒါန်းခဲ့သည်ဟု ဆိုပါသည်။ စကြာမင်းသားလေးလှူဒါန်းထားခဲ့သည့် ရွှေရေးရေအိုးစင်ကိုလည်း ရှေးအခါက အင်းဝမြို့ စံကျောင်းဘုန်းတော်ကြီးကျောင်းတွင်ရှိခဲ့သည်ဟု သတင်းစာဆရာကြီးအိုးဝေဦးညိုမြ၏နာမည်ကျော် "ကုန်းဘောင်ရှာပုံတော်" စာအုပ်ကြီးတွင် ဖတ်ရှုရသည်။

အင်းဝမြို့ သမိုင်းဝင်မဟာမြတ်မုနိ ဘုရားရင်ပြင်တော်တွင် တည်ရှိသည့် စကြာမင်းသား၏ ပန်းဆေးကန်အား ဘုရားဖူးလာရောက်သူများအပြင် လောကီရေးရာအစီအရင်ပညာ စိတ်ဝင်စားသူများကလည်း မကြာခဏ လာရောက်လေ့လာကြည့်ရှုကြကြောင်း၊ သို့ဖြစ်၍ စကြာမင်းသား၏ပန်းဆေးကန်အား ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာတစ်ခုအနေဖြင့် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ထားသင့်ကြောင်း အင်းဝမြို့ခံတစ်ဦးက ပြောသည်။

**(နန္ဒာမင်းလွင်)**

# တစ်ခေတ်တစ်ခါက ပခုက္ကူသတင်းစာ

**နိုင်ငံတော်မှ ပုဂ္ဂလိကသတင်းစာများထုတ်ဝေခွင့်ပြုလိုက်ရာ သတင်းစာများ ကိုယ့်မူကိုယ့်ဟန်ဖြင့် ထုတ်ဝေနေကြရာ တစ်ခေတ်တစ်ခါက ပုဂ္ဂလိကနှင့် မြို့နယ်ကိုယ်စားပြုသတင်းစာများထုတ်ဝေခဲ့သည်ကို ပြန်ပြောင်းအမှတ်ရမိသည်ဟု ပခုက္ကူဒေသခံသတင်းစာဆရာကြီး တစ်ဦးကပြောသည်။ မြန်မာပြည်အလယ်ပိုင်း ချင်းတွင်းဧရာဆုံရာ ဧရာဝတီမြစ်အနောက်ဘက်ကမ်း ပခုက္ကူမြို့သည်လည်း တစ်ခေတ်တစ်ခါက ပခုက္ကူသတင်းစာကို ထုတ်ဝေဖြန့်ချိခဲ့ကြောင်း သိရသည်။**

ပခုက္ကူသတင်းစာကို ဦးညိုမြ၊ ဦးအောင်တင်၊ ဦးလှသောင်၊ ဦးတင်ဦးတို့မှ ထုတ်ဝေခဲ့လေသည်။ ဦးညိုမြမှာ အိုးဝေဦးညိုမြဖြစ်ပြီး ဦးအောင်တင်သည် ပါဠိမြန်မာပညာရှိဆေးဆရာကြီးနှင့် ဦးလှသောင်မှာ ပါဠိမြန်မာပညာရှိ ခရိုင်သာသနာရေး အရာရှိ၊ ဦးတင်ဦးမှာ သတင်းစာဆရာကြီးတို့ဖြစ်ကာ အားလုံးကွယ်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

ပခုက္ကူသတင်းစာအား ၁၉၅၅ ခုနှစ် ဇွန် ၁၆ ရက် ဝန်းကျင်ပိုင်းက ထုတ်ဝေခဲ့သည်။ ပခုက္ကူသတင်းစာတွင် မျက်နှာဖုံး၌ ဈေးသစ်ကြီးကို ရှေ့လဖွင့်မည်၊ ရေကာတာကြီးဆောက်ပြီးပြီ၊ ဈေးဟောင်းနေရာ ပန်းခြံကြီးလုပ်မည်၊ လမ်းဓာတ်မီးကိစ္စနှင့် ပခုက္ကူဆိပ်ကမ်းကို အစိုးရက အမြန်ပြုပြင်ပေးပါဟူ၍ ခေါင်းစီးတပ်ထားပြီး တစ်နေရာတွင် ပခုက္ကူပိုင်သတင်းစာထူထောင်ရေးမြို့မိမြို့ဖများနှင့် အိုးဝေဦးညိုမြတို့ဆွေးနွေးခြင်းဟူသော ခေါင်းစီးကိုလည်း တွေ့ရသည်။ ရန်ကုန်မြို့မှ အိုးဝေသတင်းစာ အယ်ဒီတာဦးညိုမြသည် ပြန်ကြားရေးဝန်ကြီး ဦးထွန်းဝင်းနှင့်အတူ အထက်မြန်မာပြည်သို့ တိုင်းခန်းလှည့်လည်ရာတွင် လိုက်ပါခဲ့ပြီးနောက် နယုန်လပြည့်ကျော် ၂ ရက် ညပိုင်းတွင် ပခုက္ကူသို့ဆိုက်ရောက်လာကြောင်းနှင့် သတင်းစာထုတ်ဝေရေးနှင့် ပခုက္ကူမြို့ ခရိုင်ရဲဝန်မင်းတို့မှစ၍ ဗတလစ၊ စကပသ စသော အသင်းအဖွဲ့အသီးသီးတို့၏ခေါင်းဆောင်ကြီးများဖြင့် ဆွေးနွေးကြောင်းစသည်တို့ပါဝင်ခဲ့သည်။ ပခုက္ကူသတင်းစာအား ပခုက္ကူညဈေးတန်းအောင်သိဒ္ဓိမင်္ဂလာ စာပုံနှိပ်တိုက်မှရိုက်နှိပ်၍ ပုံနှိပ်တိုက်ပိုင်ရှင်ဦးဖေမှာ သတင်းစာဖြန့်ချိထုတ်ဝေသူလည်းဖြစ်ကြောင်း သိရသည်။




၁၉၅၅ ခုနှစ်ဝန်းကျင်က ထုတ်ဝေခဲ့သော ပခုက္ကူနေ့စဉ်သတင်းစာ။

ဦးအောင်တင်(အယ်ဒီတာချုပ်)၊ ဦးလှသောင်(အကြံပေး)၊ ဦးတင်ဦး(အယ်ဒီတာ)၊ ဦးမြင့်(သတင်းထောက်)တို့ဖြစ်လျက် ရွှေမောင်းသံကဏ္ဍကို ဦးအောင်တင်က ဒိုင်ခံရေးသားခဲ့သည်။ ကုန်ဈေးနှုန်းသတင်းနှင့် နိုင်ငံခြားသတင်းကို ရေဒီယိုနှင့် ဗမာ့ခေတ်သတင်းစာမှ ရယူထည့်သွင်းဖော်ပြခဲ့သည်။ ပခုက္ကူသတင်းစာအတွက် နယ်သတင်းထောက် ၃၀ ကျော် ခန့်ထားလျက် သတင်းနှင့်ဓာတ်ပုံများကို ဦးတင်ဦးက တာဝန်ယူဖော်ပြခဲ့ကြောင်း သိရသည်။ သတင်းစာနှုန်းထားမှာ တစ်စောင် ၂၅ ပြား တစ်လ ၇ကျပ် ပြား ၅၀ သတ်မှတ်သည်။ စာမျက်နှာ ၈ မျက်နှာ စောင်ရေ ၃၀၀၀ ထုတ်ဝေရာ နှစ်နှစ်ခွဲသက်တမ်းအထိ အောင်မြင်ခဲ့ကြောင်း သိရသည်။

ပခုက္ကူနေ့စဉ်သတင်းစာနှင့်အပြိုင် ဟင်္သာတမှ ဟင်္သာတသတင်းစာ၊ မော်လမြိုင်မှ တနင်္သာရီသတင်းစာ၊ မန္တလေးမှ ဟစ်တိုင်၊ သံတော်ဆင့်၊ ဗဟိုရ်စည်၊ လူထုသတင်းစာများနှင့် ရန်ကုန်မြို့ထုတ်သတင်းစာများ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ ပခုက္ကူနေ့စဉ်သတင်းစာအရင် ပခုက္ကူမြို့မှ ရှစ်ပါးမဂ္ဂင်အမြင်မှန်စာစောင်လည်း ထုတ်ဝေခဲ့ကြောင်း သိရသည်။

သတင်းခေတ်ကောင်းချိန် ယနေ့ခေတ်တွင် တစ်ခေတ်တစ်ခါက ပခုက္ကူသားတို့မှ အမြင်ကျယ်ကျယ် သတင်းတန်ဖိုးရှိပုံကို သိရှိနားလည်ပြီး ပခုက္ကူသတင်းစာကို နှစ်နှစ်ကျော်ထုတ်ဝေနိုင်ခဲ့သည့် ပခုက္ကူသားသတင်းစာဆရာတစ်ဦးအနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာ ရေးသားတင်ပြအပ်ပါသည်။

**နေဦးမောင်(ပခုက္ကူ)**

# ပလတ်စတစ်နှင့် ကင်ဆာရောဂါ

## ဗအုပ်ခိုင်

ကျွန်တော်တို့ငယ်ဘဝက စားစရာတွေဝယ်မည်ဆိုလျှင် ဗာဒံရွက်၊ အင်ဖက်၊ ငှက်ပျောဖက်ကလေးတွေနှင့် စျေးသည်ကထုပ်ပိုးပေးလေ့ရှိ၏။ ထမင်း၊ ဟင်း၊ ခေါက်ဆွဲကြော်၊ လက်ဖက်ရည်ဝယ်လျှင်ကား ကိုယ့်အိမ်က ချိုင့်ကလေးတွေကို အသင့်ယူဆောင်သွားလေ့ရှိသည်။ ယခုတော့ ထိုသို့မဟုတ်တော့ပြီ။ ပလတ်စတစ်ယဉ်ကျေးမှုကမ္ဘာကြီး ဖုံးလွှမ်းသွားတာ ဆယ်စုနှစ် လေးစုကျော်လောက်တော့ ရှိမည်ထင်သည်။

ယနေ့ခေတ်တွင်တော့ ကမ္ဘာတစ်လွှားရှိ စက်ရုံများမှ ပလတ်စတစ်နှင့် ထုတ်လုပ်သော ပစ္စည်းအမျိုးပေါင်း၁၀၀ မက ထုတ်လုပ်လျက်ရှိ၏။ ၁၉၈၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံတစ်ခုတည်း၌ပင် ပလတ်စတစ်တန်ချိန်ပေါင်း တစ်သိန်းခြောက်သောင်းထုတ်လုပ်လျက်ရှိ၏။

ပလတ်စတစ်ကို ရေနံ၏ဘေးထွက်ပစ္စည်းများအား အခြေခံပြီး ဓာတုပစ္စည်းပေါင်းများစွာဖြင့် ပေါင်းစပ်ထုတ်လုပ်ထားသည်။ ပလတ်စတစ်ထဲတွင် ပလတ်စတစ်ဆိုက်ဇာနှစ်မျိုးဖြစ်သော Di- Octylphthalate (Dop)၊ Di-Octyladipete (DOA)၊ ပေါ်လီဗနိုင်း၊ ကလိုရိုက်၊ အီတိုင်းလင်း၊ ပေါ်လီမာ၊ မိုနိုမာနှင့် ဓာတုဆိုးဆေး အမျိုးမျိုးပါဝင်သည်။

ယနေ့ကမ္ဘာပေါ်တွင် ပလတ်စတစ်ဖြင့် ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်၊ ရေဘူး၊ ပန်းကန်ခွက်ယောက်၊ ကလေးနို့ဘူး၊ ရေပိုက်၊ ဆီပုံး၊ အချိုရည်ဘူး၊ ခေါက်ဆွဲဘူး၊ ကလေးကစားစရာ၊ ဆေးဘူးခွံနှင့် လျှပ်စစ်ပစ္စည်းများတွင် အပူဒဏ်ခံနိုင်မှုအပေါ် မူတည်၍ အဆင့်အတန်း အမျိုးအစား ခုနစ်မျိုးခွဲခြားနိုင်သည်။ မည်သို့ပင် ကွဲပြားခြားနားစေကာမူ ထိုပလတ်စတစ်ထဲမှ ဓာတုပစ္စည်းများ တစ်နည်းနည်းဖြင့် လူ့ခန္ဓာကိုယ်ထဲကို ရောက်ရှိသွားလျှင်တော့ ကျန်းမာရေးကို ဆိုးဆိုးရွားရွားအန္တရာယ်ပေးနိုင်လေသည်။ ပလတ်စတစ်ထဲတွင် ပါဝင်သော စတိုင်းရင်းဓာတ် (Styrene) ပလတ်စတစ်ဆိုက်ဇာဓာတ်၊ မိုနိုမာဆိုသော (Monomer) အဆိပ်ဓာတ်ပစ္စည်းများသည် ကင်ဆာရောဂါအမျိုးမျိုး၊ ရင်သားကင်ဆာ၊ အဆုတ်ရောဂါ၊ အရေပြားရောဂါနှင့် မျိုးပွားမှုကိုထိခိုက်စေခြင်း၊ ဟော်မုန်းအပြောင်းအလဲဖြစ်စေနိုင်ခြင်း၊ မွေးရာပါကိုယ်အင်္ဂါချို့ယွင်းမှုများဖြစ်စေခြင်းနှင့် အစာအိမ်၊ အသည်း၊ ကျောက်ကပ်တို့ကို ထိခိုက်ပျက်စီးစေနိုင်သည်။ အများအားဖြင့် ပလတ်စတစ်ထဲမှ ကင်ဆာဖြစ်စေနိုင်သော ဓာတုပစ္စည်းများသည် အပူနှင့်ထိတွေ့လျှင်ဖြစ်စေ၊ ဆီပါသော အစားအသောက်များနှင့် ထိတွေ့လျှင်ဖြစ်စေ၊ အေးလွန်းသော ရေခဲသေတ္တာများအတွင်း၌ဖြစ်စေ ထိတွေ့ထုပ်ပိုးထားသော အစားအသောက်များအတွင်းသို့ ပျော်ဝင်ပျံ့နှံ့ဝင်ရောက်သွားတော့သည်။

စာရေးသူတို့ ကလေးဘဝက နို့မှုန့်ဖျော်သောခြင်ခွက်၊ နို့ဘူးတို့မှာ ဖန်ထည်များဖြင့်သာ ပြုလုပ်ထားသဖြင့် ထိုကဲ့သို့သော ကင်ဆာရောဂါအန္တရာယ်မျိုး ပူပင်စရာမလို။ ယခုခေတ်၌ကား ထိုသို့မဟုတ် ကလေးဘဝထဲက စို့ရသော နို့ဘူးကို ပလတ်စတစ်အကြည်သားဖြင့် ပြုလုပ်ထား၏။ နို့မှုန့်ကို ရေနွေးပွက်ပွက်ဆူတွင် ဖျော်၍ ပလတ်စတစ်နို့ဘူးထဲတွင် ထည့်လိုက်ကတည်းက ကင်ဆာဖြစ်စေသော ဓာတုအဆိပ်များ၊ ဟော်မုန်းဓာတ်ပြောင်းလဲစေသော ဓာတုအဆိပ်များသည်ကလေးစို့ယူသောက်သုံးမည့် နို့ရည်ထဲသို့ ပျော်ဝင်သွားတော့သည်။ ထို့ကြောင့် ကျွန်ုပ်တို့အပါအဝင် မိဘများသည် အသက်တမျှချစ်မြတ်နိုးလှပါသည်ဆိုသော မိမိတို့၏ ရင်သွေးငယ်များ၏ ခန္ဓာကိုယ်တွင်းသို့ မွေးကာစကတည်းက ကင်ဆာဖြစ်စေသော ပလတ်စတစ်ထဲမှ အဆိပ်များကို ထည့်သွင်းတိုက်ကျွေးသလိုဖြစ်နေပါသည်။

အဆိုပါကလေးနို့ဘူးပြုလုပ်ရာတွင် အသုံးပြုသော ပလတ်စတစ်အကြည်သားမှာ ၁၉၃၀ ပြည့်လွန်နှစ်များကတည်းက PVC ဟုခေါ်တွင်သော ပလတ်စတစ်အမျိုးအစားဖြစ်သည်။ ယင်းပလတ်စတစ်များထဲတွင် ပတ်သလိပ်ဆိုသော ဓာတုပစ္စည်းတစ်မျိုးပါဝင်လေ၏။

မလေးရှားနိုင်ငံ၏ စားသုံးသူအဖွဲ့တစ်ဖွဲ့ဖြစ်သော ပီနန်ရှိ CAP အဖွဲ့၏ လေ့လာတွေ့ရှိချက်များအရ ကလေးစို့သောနို့ဘူးအများအပြားသည် ပိုလီကာဗွန်နိုက်ဖြင့် ပြုလုပ်ထားကြောင်း တွေ့ရသည်။ ပိုလီကာဗွန်နိုက်သည် ကလေးငယ်များ၏ ကျန်းမာရေးကို ဆိုးရွားစေနိုင်ကြောင်း တွေ့ရှိကြ၏။

ယင်းကလေးနို့ဘူးများတွင် ပါဝင်သော မိုနိုမာ (Monomer) ဆိုသော အဆိပ်ဓာတ်သည်လည်း ပြင်းထန်သော အဆိပ်တစ်မျိုးဖြစ်၏။

ထိုမိုနိုမာဆိုသော အဆိပ်ဓာတ်သည် ကင်ဆာရောဂါကို ဖြစ်ပွားစေတတ်၏။ ယင်း PVC ပလတ်စတစ်ထဲတွင် ခဲနှင့် ကန်စီယမ်များ အများအပြားပါဝင်ကြောင်း တွေ့ရသည်။ ခဲဓာတ်က အာရုံကြောကိုပျက်စီးစေ၍ မှတ်ဉာဏ်ကို ကျဆင်းစေသည်။ ကန်စီယမ်က ကျောက်ကပ်ကိုပျက်စီးစေ၍ အဆုတ်ကင်ဆာကို ဖြစ်ပွားစေသည်။ တရုတ်နိုင်ငံမှ ထုတ်လုပ်သော ကလေးကစားစရာများသည် PVC ပလတ်စတစ်အမျိုးအစားဖြင့် ပြုလုပ်ထားရာ ခဲဓာတ်ပါဝင်နှုန်းမြင့်မားသဖြင့် တရုတ်နိုင်ငံမှ ငွေကြေးပြည့်စုံသော တရုတ်လူမျိုးမိဘများပင်လျှင် မိမိတို့၏သားသမီးများကို တရုတ်နိုင်ငံထုတ်ကလေးကစားစရာပစ္စည်းများအား ဆော့ကစားခြင်းမပြုစေဘဲ ဂျပန်နိုင်ငံမှ ကလေးကစားစရာများကိုသာ ဝယ်ယူဆော့ကစားစေကြောင်း သိရသည်။ ထိုတရုတ်နိုင်ငံမှထုတ်လုပ်သော PVC ပလတ်စတစ်မှ ပြုလုပ်သည့် ကလေးကစားစရာများကို မြန်မာနိုင်ငံတွင်းသို့ အဓိကတင်သွင်းလေ၏။

ထို့ပြင် မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုနေသော ကော်ပိုက်များမှာ PVC ပလတ်စတစ်ဖြင့်ပင် ပြုလုပ်ထားလေသည်။ စာရေးသူတို့ငယ်စဉ်က အသုံးပြုသော ရေပိုက်များမှာ သံပိုက်များဖြစ်၏။ ယခုအချိန်တွင်တော့ သံပိုက်လုံးများကို လုံးဝမတွေ့ရသလောက် နည်းပါးသွားပေပြီ။ ထို PVC ပလတ်စတစ်များထဲတွင် ဖြတ်သန်းစီးဆင်းသွားသောရေသည် သာမန်အေးနေသောအချိန်တွင် ပြဿနာမရှိသော်လည်း ယခုလိုနွေရာသီ ပူပြင်းသောအချိန်များတွင်တော့ အန္တရာယ်ရှိသော အနေအထားတစ်ခုသို့ ရောက်ရှိသွားတတ်လေ၏။ စာရေးသူနေအိမ်ရှိ လက်ဆေးဘေစင်သို့ သွယ်တန်းထားသော PVC ပလတ်စတစ်ပိုက်မှ ရေသည် နေပူကိုဖြတ်သန်းသွယ်တန်းထားသဖြင့် နေရောင်ကျရောက်သော နေ့လယ်ခင်းအချိန်များနှင့် ယခုလိုနွေရာသီအချိန်တွင် ရေနွေးတမျှပူသောရေများ ပိုက်ခေါင်းမှထွက်ကျလာလေ့ရှိ၏။ ထိုအခြေအနေကြောင့် ထိုဘေစင်ပိုက်မှထွက်သောရေကို ဆေးကြောရန်အတွက်သာ အသုံးပြုပြီး သောက်ရေနှင့်ထမင်းဟင်းချက်ပြုတ်သော ရေများကို ရေချိုးခန်းပိုက်ခေါင်းမှ ဖွင့်ထုတ်အသုံးပြုရလေ၏။ အဘယ်ကြောင့်ဆိုသော် အပူနှင့်ထိတွေ့ပါက ထို PVC ပလတ်စတစ်ထဲမှ ကင်ဆာဖြစ်စေတတ်သော ဓာတုပစ္စည်းများသည် ဖြတ်သန်းသွားသော ရေထဲသို့ ပျော်ဝင်သွားလေ့ရှိသောကြောင့်ဖြစ်၏။

ထို့ကြောင့်ပင် အလွယ်ကြိုက်သော မြန်မာနိုင်ငံသားများက ပလတ်စတစ်၊ ကြွပ်ကြွပ်အိတ်များဖြင့် ကော်ဖီ၊ လက်ဖက်ရည်၊ အကြော်၊ မုန့်ဟင်းခါးမှအစ ထမင်းဟင်းများအထိ စားစရာမျိုးစုံကို ထုပ်ပိုးသည့်အလေ့အထသည် မည်မျှအန္တရာယ်ကြီးမားကြောင်း သဘောပေါက်သင့်လှပေသည်။ ထိုပလတ်စတစ်၊ ကြွပ်ကြွပ်အိတ်များထဲမှ ကင်ဆာဖြစ်စေတတ်သော ပလတ်စတစ်ဆိုက်ဇာဓာတ်များသည် အပူနှင့်တွေ့လျှင်ဖြစ်စေ၊ ဆီပါအစားအသောက်များနှင့် တွေ့လျှင်ဖြစ်စေ အစားအသောက်များထဲသို့ ဓာတ်ပြုပျော်ဝင်သွားလေသည်။

အလားတူပင် ဒံပေါက်၊ ခေါက်ဆွဲကြော်၊ ကြက်ဆီထမင်း အစရှိသည်တို့ကို ထုပ်ပိုးသော ဖော့ဘူးများသည်လည်း 2B ပလတ်စတစ်အုပ်စုဝင်များဖြစ်၍ အပူနှင့်ထိတွေ့ဓာတ်ပြုပါက ၎င်းနှင့်ပါဝင်သော ပေါ်လီစတိုင်းရင်း (Poly Styrene)ဓာတ်များသည် အစားအသောက်များအတွင်းသို့ ပျော်ဝင်ဓာတ်ပြုသွားလေသည်။ ထိုဖော့ဘူးတွင်ပါဝင်သော စတိုင်းရင်းဓာတုပစ္စည်းသည် ကင်ဆာဖြစ်စေတတ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အတည်ပြုထားသည်။

ထို့မျှမကသေး ပလတ်စတစ်အမာစားဖြင့် ပြုလုပ်ထားသော မယ်လမင်းဖိုက်ဘာပန်းကန်များသည်လည်း အပူနှင့်ထိတွေ့ဓာတ်ပြုပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် ကင်ဆာရောဂါကို ဖြစ်ပွားစေ၏။

တစ်ခါက Herbal Medicine (သဘာဝဆေးဝါး၊ သဘာဝကုထုံး)တို့ဖြင့် ကုသသောစာရေးသူတို့၏ ဆေးခန်းသို့ အသက် (၂၆)နှစ်အရွယ်ခန့်ရှိ ကျောက်ကပ်ကင်ဆာဖြစ်ပွားနေသော မိန်းကလေးတစ်ဦး ရောက်ရှိလာပါသည်။ စာရေးသူက သမီးတို့အိမ်မှာ မယ်လမင်းပန်းကန်တွေနဲ့ ထမင်းဟင်းထည့်စားတယ် မဟုတ်လားဟု ပြောသောအခါ ထိုမိန်းကလေးက ဟုတ်မှန်ကြောင်းဝန်ခံသဖြင့် ထိုမယ်လမင်းပန်းကန်များကို အရင်ဆုံး စွန့်ပစ်ရန်နှင့် ခွေးကလေး၊ ကြောင်ကလေးများကိုပင် ထည့်၍မကျွေးသင့်ကြောင်း သတိပေးလိုက်ရပါသည်။

မြန်မာနိုင်ငံအပါအဝင် ယနေ့ကမ္ဘာကြီး၌ ကင်ဆာရောဂါဖြစ်ပွားနှုန်း တစ်နှစ်ထက်တစ်နှစ် မြင့်မားလာသော အကြောင်းရင်းများထဲ၌ ဒိန်ခဲ၊ ကိတ်မုန့်၊ အသင့်စားခေါက်ဆွဲ၊ နေကြာစေ့လှော်၊ ကွာစေ့လှော်၊ အာလူးကြော်၊ ဘီစကွတ်၊ ငါးမုန့်ကြော်စသော အစားအသောက်မျိုးစုံကို ပလတ်စတစ်ဖြင့် ထုပ်ပိုးအသုံးပြုခြင်းသည်လည်း အကြောင်း အရင်းတစ်ချက်အဖြစ် ပါဝင်လာကြောင်းကို ဆေးဝါးသုတေ သနပညာရှင်များနှင့် နိုင်ငံတကာရှိ စားသုံးသူကာကွယ် ရေးအသင်းအဖွဲ့များကလည်း သတိပေးထောက်ပြနေကြပြီ ဖြစ်၏။

"Prevention is better than cure "ဆိုသော ဆောင်ပုဒ်အတိုင်း ကျွန်ုပ်တို့၏နေ့စဉ်ဘဝများကို ခြိမ်းခြောက်နေသော သေမင်းတမန်ကင်ဆာရောဂါဆိုးကြီးကို ကြိုတင်ကာကွယ်ရှောင်ရှားနိုင်ရန်အတွက် ပလတ်စတစ်အိတ်များသုံးစွဲနေသော နေ့စဉ်ဘဝ Life Style ကို ပြောင်းလဲပစ်ဖို့ လိုအပ်နေပြီဖြစ်ကြောင်း အရေးတကြီးသတိပေးနှိုးဆော်လိုက်ရပါသည်။ ။


**အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း**

ဦးကျော်ဝင်း(MD National Wood Industry Limited)သည် ၁၀-၄-၂၀၁၃ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုများပေးအပ်ရာ၌ "တန်ဖိုးမြင့်ထုတ်ကုန်အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု" ကိုထိုက်တန်စွာ ရရှိသည့်အတွက်မိသားစုနှင့်ထပ်တူထပ်မျှ လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဦးကံဝင်း(စာရေးဆရာအောင်သီဟစာပေ)
ဦးသိန်းဦး(အောင်ကျော်သိန်း၊သစ်ခွဲစက်မိသားစု)
ဦးသန်းငွေ-ဒေါ်နီနီခင်မိသားစု

**နိုင်ငံခြားဘာသာသိပ္ပံ/တက္ကသိုလ် ပြင်သစ်ဘာသာကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ**

နိုင်ငံခြားဘာသာသိပ္ပံ/တက္ကသိုလ်၊ ပြင်သစ်ဘာသာကျောင်းသားဟောင်းများမှ သင်ကြားပို့ချပေးခဲ့ကြသော ဆရာ/ဆရာမများအား ပူဇော်ကန်တော့ပွဲကို ၁၅-၆-၂၀၁၃ရက်(စနေနေ့)တွင် ဓမ္မစေတီကျောင်းတိုက်၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၌ နံနက် ၇နာရီမှ ၉နာရီအထိ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက် ပူဇော်ကန်တော့ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(မှတ်ချက်။ ။မည်သူ့ကိုမျှ သီးသန့် ဖိတ်စာမပို့ပါ)

အောက်ပါ ကျောင်းသား/ကျောင်းသူဟောင်းများထံတွင် အလှူငွေ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| (၁) ဒေါ်နှင်းခင် | ဖုန်း-၀၉-၅၁၄၂၄၅၇ |
| (၂) ဒေါ်စန္ဒာကြည် | ဖုန်း-၀၉-၅၁၁၂၈၃၄ |
| (၃) ဒေါ်ခင်နွယ်စိန် | ဖုန်း-၀၉-၅၁၁၄၂၉၆ |
| (၄) ဒေါ်တင်တင်မာ | ဖုန်း-၀၉-၅၁၅၀၉၄၅ |
| (၅) ဒေါ်အေးအေးသန့် | ဖုန်း-၀၉-၅၁၇၈၅၅၂ |
| (၆) ဦးထွန်းစိုး | ဖုန်း-၀၉-၅၁၆၁၇၉၅ |
| (၇) ဒေါ်ခင်သီတာအေး | ဖုန်း-၀၉-၅၀၃၄၃၀၁ |
| (၈) ဒေါ်သီတာထွန်း | ဖုန်း-၀၉-၅၁၈၇၇၂၀ |
| (၉) ဒေါ်ခင်မာကြည် | ဖုန်း-၀၉-၅၁၃၉၂၈၇ |

**ယတြာဆရာမ**

ဖြစ်ချင်တာတွေ မဖြစ်သေးဘူးဆိုရင်
မဖြစ်ချင်တာတွေ ဖြစ်နေတယ်ဆိုရင်
အဆင့်မြင့်ယတြာများ ဆောင်ရွက်ပေးပါသည်။
ကိုယ်ရေးလုံခြုံမှုကိုအာမခံပါသည်။
ဖုန်း-၀၉-၅၀၇၅၈၂၇

FAME
ထိကရုန်းလေးလို အိပ်စေမည့် သဘာဝအိပ်ဆေး
HerbalSleep®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011160 (1114)

FAME
စိတ်ဓာတ်တက်ကြွ လန်းဆန်းရန်ရှိ
ခွဲမြဲသောက်ပေး ... စိတ်ငြိမ်ဆေး
HerbalFresh®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011255 (1114)



လိပ်ပြာ မွေးဆေးရည်
054-23347,09-49300108
TMR 009290(0714)

## သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ရင်ပြင်ပေါ်ရှိ ပြာသာဒ်ဆောင်များ ပြုပြင်ခြင်းအား အလှူရှင်များဖိတ်ခေါ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ အပေါ်ရင်ပြင်ရှိ ပြာသာဒ်ဆောင်(၅) ဆောင်အား ပြန်လည်ပြုပြင်နေပါသဖြင့် အလှူရှင်များမှ တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း သဒ္ဓါစွမ်းအားရှိသမျှ ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ပြာသာဒ်ဆောင်(၁)ဆောင်အတွက်**

- အမိုးလဲလှယ်ပြုပြင်ခြင်း ပစ္စည်းဖိုးလုပ်အားခ — ကျပ် ၂၃၈၁၄၀၀၀/-
- ကြွေပြားကပ်ခြင်းပစ္စည်းဖိုးလုပ်အားခ — ကျပ် ၈၂၃၀၀၀၀/-
- မျက်နှာကြက်လုပ်ငန်း ပစ္စည်းဖိုးလုပ်အားခ — ကျပ် ၁၂၅၃၅၀၀၀/-
- ဘုံဆောင်ဆင့်များ ပြုပြင်ခြင်း ပစ္စည်းဖိုးလုပ်အားခ — ကျပ် ၆၂၀၀၀၀၀၀/-
- သံမဏိလက်ရမ်းတပ်ဆင်ခြင်း ပစ္စည်းဖိုးလုပ်အားခ — ကျပ် ၁၉၄၄၀၀၀၀/-
- ပြာသာဒ်(၁) ဆောင်လုံးအတွက် — ကျပ် ၁၂၆၀၁၉၀၀၀/-

**ဂေါပကအဖွဲ့**
**သီရိမင်္ဂလာကမ္ဘာအေးစေတီတော်**
**ဖုန်း-၆၆၀၀၀၂၊ ၆၆၅၄၂၅**

---

## "မေ" ညီအစ်ကိုအတွက်မွေးနေ့ဆုတောင်း

၃-၅-၂၀၁၃ ရက်တွင်ကျရောက်သော သားကြီး **"မင်းသန့်ဝေယံ"** ပထမနှစ်ဆေးတက္ကသိုလ်မန္တလေး၏ (၁၇)နှစ်မြောက်မွေးနေ့ မင်္ဂလာနှင့် ၁၅-၅-၂၀၁၃ ရက်တွင်ကျရောက်သော သားငယ်**လင်းခန့်ဝေယံ** Grade-9 အထက(၂)မရမ်းကုန်း၏ (၁၂)နှစ်မြောက် မွေးနေ့မင်္ဂလာရက်မြတ်များမှသည် နောင်နှစ်ပေါင်း ၁၀၀ ကျော်တိုင် ပျော်ရွှင်ချမ်းမြေ့ကြည်နူးစွာဖြင့် ဖြတ်သန်းရင်းထူးချွန်ထက်မြက်သော နိုင်ငံ့အကျိုးပြု သားကောင်းရတနာလေးများဖြစ်ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဖေဖေ** - **ဦးထွန်းထွန်းဝင်း(P.E) မန္တလေးအဆင့်မြင့်ဘောလုံးကွင်းစီမံကိန်း**
**မေမေ** - **ဒေါ်ပပလင်းဝေ**
**ဘွားဘွား** - **ဒေါ်ယဉ်စီမိသားစု(ရန်ကုန်)**

---

## (၃၆)နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်ဖေဖေဦးသင်းဆွေ B.E (MINING) D.E.A(RARIS) အင်ဂျင်နီယာမှူးကြီး(ငြိမ်း) အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ချစ်မေမေ ဒေါ်ခင်စောမြင့် အထပြ(ငြိမ်း)တို့၏ ၅-၅-၂၀၁၃ ရက်တွင် ကျရောက်သော(၃၆)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောသားသမီးမြေးများနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ၍ သာယာချမ်းမြေ့သော ဘဝခရီးကိုလျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သမီးကြီး** - **မောင်လူမင်း B.Sc(Physic) Chief Mate(F.G)-**
**မဝတ်ရည်သင်းဆွေ B.Sc(Chemistry)**
**ချစ်သားကြီး** - **မောင်အောင်သူဆွေ B.C Tech(UCSY)**
**ချစ်သားငယ်** - **မောင်စည်သူဆွေ B.Sc(Physics) J/E(I.M.T)**
**ချစ်မြေး** - **မောင်မင်းဟိန်းထက်**

---

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မောင်ဝင်းအောင် အထက(၂)မရမ်းကုန်း၏ ဖခင်အမည်မှန်မှာ ဦးကြူကျင်ဖန်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၅-၅-၁၉၉၅ ဖြစ်ပါကြောင်း။ **ဦးကြူကျင်ဖန်**

---


Ph: ၀၁-၆၄၆၆၆၅၁


---

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၁၀-၄-၂၀၁၃ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူဆုကို ထိုက်တန်စွာ အပ်နှင်းခံရသော လသာမြို့နယ် အရန်မီးသတ် ဒုတိယတပ်ရင်းမှူး **ရဲကျော်စွာအောင်လှ** အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်(စင်ထရယ်) အထက(၁)လသာ ဆရာ၊ ဆရာမနှင့်ကျောင်းသားဟောင်းများ**

---

## German Language

အခြေခံမှစ၍ စနစ်တကျ သင်ကြားပေးသည်။ သံရုံးစာမေးပွဲ ဖြေမည့်သူများအတွက် A1 သီးသန့်သင်သည်။

**Daw Yamin May War**
**BA.GERMAN(YUFL), BDS, DMAC**
**Ph:0943140328**

---

## REAL !!!

- SWISS နာရီဝါသနာရှင်များ
- နာရီကောင်းကောင်းသုံးစွဲချင်သူများ
- လက်ဆောင်ကောင်းကောင်းပေးချင်သူများအတွက် ရောင်းချပေးနေပါပြီ !!!

China Made များ လုံးဝမရောင်းပါ။
**Ph:09 43067407, 09 5031760**

---

## ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည် (ပွဲစားမလို)

တောင်ကြီးမြို့၊ ပြည်တော်အေးလမ်း၊ ကန်သာရပ် ပေ(၆၀ × ၉၀)၊ တိုက်ခံဂိုထောင်တစ်လုံးပါ၊ ခြံကျယ်ကိုယ်ပိုင် (ရေ+မီတာ)၊ နှစ် ၆၀ ဂရန်ပိုင်ရှင်အမည်ပေါက် အရှုပ်အရှင်းကင်းသည်။

**ဆက်သွယ်ရန်-ဒေါ်ခင်နွဲ့**
**Ph:09-5212635, 09-420047599**

---


**ဦးအောင်စိုးဦး** WIPO DLIDI နှင့် အဆင့်မြင့်သင်တန်းများ မေလ ၁၁ရက် စပြီ
**ဦးကျူးခေါင်**
**(ဖပြီ သင်တန်း၌ သင်တန်းသားအားလုံး အမှတ် (၉၀)နှင့် အမှတ်ပြည့် ၁၀၀/၁၀၀ (၃)ဦး**
**ACE TOP ACADEMY 245 (ပ)ထပ်၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**တစ်ထိပ်တန်းပညာ့ဗိမာန် ဖုန်း ၀၉ ၇၃၂၂၄၁၄၃၊ ၀၁- ၂၄၃၃၆၃**

ဦးအောင်စိုးဦး
ဦးကျူးခေါင်
- TRADEMARK သင်တန်း
- အိမ်၊ ခြံ၊ မြေသင်တန်း
- စာချုပ်စာတမ်း လက်တွေ့သင်တန်း
- ကုမ္ပဏီနှင့် စီးပွားရေး ဥပဒေသင်တန်း

မေ ၁၁ရက် စပြီ

**ACE TOP ACADEMY 245 (ပ)ထပ်၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။**
**တစ်ထိပ်တန်းပညာ့ဗိမာန် ဖုန်း ၀၉ ၇၃၂၂၄၁၄၃၊ ၀၁- ၂၄၃၃၆၃**

VALUESTAR
COMPUTER & LANGUAGE CENTRE
ESSENTIAL COMPUTER SKILLS LEVEL 1/2
COMPUTER BASIC (Office 2010)
GRAPHIC DESIGN / D.T.P
PRATICAL A+ / AUTO CAD
SPOKEN ENGLISH(4 SKILLS)
GENERAL ENGLISH(4 SKILLS+GRAMMAR & VOCAB)
PROGRAMMING FUNDAMENTAL (C++ / JAVA)
ဖုန်း - ၀၁-၅၀၆၀၃၈ ၊ ၀၀-၅၂၆၅၃၄

Yoga
Ph: 01216448, 09 73192775

Professional Graphic Design
IT Computer Training Center 383893 , 253293

**ဝန်ထမ်းအလိုရှိသည်**

(1) ယာဉ်မောင်းဝန်ထမ်း — ကျား(၁၀) ဦး
(2) ရောင်း/မောင်းဝန်ထမ်း — ကျား(၁၀) ဦး
... Selling Skill နှင့် Market Distribution ...
(3) Sales Promoter — ကျား(၂၀) ဦး
(4) Sales Supervisor — ကျား(၅) ဦး
... Distribution & Marketing ... Leadership Skill ...
(5) Sales Executive — ကျား(၃) ဦး
... Distribution & Marketing ... Leadership Skill ...
Excel Treasure Tower

ဦးသန့်ဇော် B.Sc,IC,Q,DA, DMP, MBA, ACCA (Pro)
LCCI I, II & III
10-May-2013
MYOB/Excel
ORION Business School ...
PhD
EMBA/EMPA
GMAT, Reasoning & English
8-May-2013
09 73154401, 09 5115997

Sayarsan Plaza




သမဝါယမဘဏ်လီမိတက် (ဆရာစံပလာဇာ ဘဏ်ခွဲ) ဖွင့်လှစ်ခြင်း

ဘဏ်လုပ်ငန်းကိစ္စ အရပ်ရပ် နှင့် ပြည်တွင်း ငွေလွှဲလုပ်ငန်းများကို (၃.၅.၂၀၁၃) နေ့မှစ၍

အမှတ် - (၅/အေ) ၊ ပထမထပ် ၊ တက္ကသိုလ်ရိပ်သာလမ်း နှင့် ဆရာစံလမ်းထောင့်

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ တွင် ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။

Phone : (01) 55 9006 , 55 9633 Fax : (01) 55 9144 , 55 9184

CB Bank 24/7 Hotline number : 1874

E-mail : contact@cbbankmm.com Web Site : www.cbbankmm.com

Facebook : https://www.facebook.com/CBBankmyanmar



## ဝမ်းနည်းကြေကွဲခြင်း
## ဦးလှတင်(ဥက္ကံ)
## အသက် (၇၉)နှစ်

ယခင် ဖက်စပ်ကော်ပိုရေးရှင်း အမှတ်(၂)လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ (ငြိမ်း) ဦးလှတင်သည် ၂-၅-၂၀၁၃(ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်မြင့်မြင့်သန်း**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်အိ
## အသက် (၇၉)နှစ်

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ ဒေါ်ဥမ္မာမြင့်တို့၏ မိခင် ဒေါ်တင်အိသည် ၃-၅-၂၀၁၃ (သောကြာနေ့) နံနက် ၃ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့်**
**ပညာရေးဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်အိ
## အသက် (၇၉)နှစ်

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ ဒေါ်ဥမ္မာမြင့်တို့၏ မိခင် ဒေါ်တင်အိသည် ၃-၅-၂၀၁၃ (သောကြာနေ့) နံနက် ၃ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)**

## ဝမ်းနည်းကြေကွဲခြင်း

၁၉၆၅-၁၉၈၅ စင်ထရယ် အထက(၁)လသာ ကျောင်းသားဟောင်းများ အမှုဆောင်အဖွဲ့မှ အကျိုးတော်ဆောင် ဦးအေးထွန်း(Oriental House)၏ဖခင် ဦးစိန် အသက်(၈၈)နှစ်သည် ၂၉-၄-၂၀၁၃ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၆၅ မှ ၈၅)အထိ**
**အာစရိယပူဇော်ပွဲကျင်းပရေးကျောင်းသားဟောင်းများနှင့်**
**ကန်တော့ခံ ဆရာကြီး/ဆရာမကြီးများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးငွေစိုး
## အသက် (၇၃)နှစ်
**ဌာနစုမှူး(ဘဏ္ဍာရေး)ငြိမ်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင် ဦးငွေစိုးသည် အမှတ်(၂၆၈)၊ စိန္တာမဏိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ် နေအိမ်၌ ၂၉-၄-၂၀၁၃ ရက်၊ နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်လှိုင်
## အသက် (၆၉)နှစ်
**ဌာနစုမှူး(ဘဏ္ဍာရေး)ငြိမ်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင် ဦးတင်လှိုင်သည် အမှတ်(၁၁၈-က)၊ ရွှေကျွန်းသီရိလမ်း၊ (၁၅၆)ရပ်ကွက်၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ် နေအိမ်၌ ၂၉-၄-၂၀၁၃ ရက်၊ နံနက် ၁၂း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

### ဒေါ်ဖြူမာနွယ် (၅၈)နှစ်
**အထပြ(ငြိမ်း)၊ တောင်ငူ**

တောင်ငူမြို့နေ (ဦးစိန်-ဒေါ်သိန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ (ခ/၃-A)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ တာမွေနေ ဦးဌေးကျော်၏ ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးအောင်မျိုးသူ-မမေမွန်ကျော်တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဉာဏ်ဘုန်းထွဋ်၏ အဘွားသည် ၃-၅-၂၀၁၃ (သောကြာနေ့) ည ၉း၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သင်းသင်းဦး(ခ)ဒေါ်ဖြူဖြူ
### အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ (KSM. ATM စစ်ကဲကြီးဦးဘ-ဒေါ်ဒေါ်ဖွား)သထုံမြို့နေ (ရှေ့နေကြီးဦးဖိုးကျင်-ဒေါ်မကြီး)တို့၏ မြေး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ် (၃)ရပ်ကွက်၊ ဘိုခြံလမ်း၊ အမှတ်(၆၀၉)နေ [ဗိုလ်မှူးကြီးညွှန့်ဟန်(ငြိမ်း)]၏ဇနီး၊ ဒေါက်တာပြည့်ဖြိုးမောင်-ဒေါက်တာသက်ထူးအောင်၊ မသင်းသီရိအောင် B.E (IT)၊ မောင်စိုးလင်းရှိန်၊ မောင်ရဲလင်းသူ၊ မဖြူနှင်းဟန်တို့၏အဘွားသည် ၃-၅-၂၀၁၃(သောကြာနေ့) ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိခြင်း

၁-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသော ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင်(၈၅)နှစ် နာမကျန်းဖြစ်စဉ် ဆေးကုသပေးခဲ့ ကြသော LEO Family International မှ ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဝိတိုရိယ ဆေးရုံကြီးမှ ဆရာဝန်ကြီးနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ လွမ်းသူ့ပန်းခြင်းများ ပေးပို့ကြသူများ၊ ဖုန်းနှင့် သတင်းမေးကြသူများ၊ လူကိုယ်တိုင် အားပေးနှစ်သိမ့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၃-၅-၂၀၁၃ ရက်တွင် ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ကြသော ပုဂ္ဂိုလ်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခြားသော ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**
**သားသမီးများနှင့် မြေးမြစ်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်
## အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာ(B-6)နေ [ဖေယျကျော်ထင် ဗိုလ်မှူးကြီးတင်သိန်း (နိုင်ငံတော်ကောင်စီဝင်-ငြိမ်း)]၏ဇနီး၊ ဦးသက်တင်ဝင်း (Managing Director, Moon Ray Co., Ltd.)-ဒေါက်တာခင်နီလာအေး (Director, Moon Ray Co., Ltd.) တို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ခင်သည် ၁-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Moon Ray Co., Ltd. ဝန်ထမ်းမိသားစုများ**

### တောင်ကြီးအသင်း(ရန်ကုန်)
### ဒေါ်လှမြင့်
### အသက် (၆၇)နှစ်
**B.Com (AA)**
**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)**
**ရုပ်ရှင်လုပ်ငန်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ (၁၆၃)လမ်း၊ တိုက် (၅)၊ တတိယထပ်(ယာ)နေ (ဦးအုန်းမောင်-ဒေါ်သန်းရင်)တို့၏သမီး ဒေါ်လှမြင့်(တောင်ကြီးအသင်းဝင်)သည် ၂၈-၄- ၂၀၁၃ရက် ည ၉း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၁၃ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ဦးဇော်မင်း (၆၁)နှစ်
**စိန်ဂျွန်းကျောင်းသားဟောင်း**
**(ကြည့်မြင်တိုင်)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင် အနောက်ရပ်ကွက်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၂၉)၊ အလွှာ မြေညီ(A)နေ (ဦးပါ-ဒေါ်စိန်စိန်)တို့၏သား၊ (ဦးသောင်းညွှန့်)-ဒေါ်တင်ရွှေတို့၏ သားသမက်၊ ဒေါ်စန်းစန်းဝင်း ၏ ခင်ပွန်း၊ မောင်တိုး(IX)၊ မဂျူး (VII၊ အထက-၆၊ အလုံ)တို့၏ဖခင်သည် ၄-၅-၂၀၁၃ ရက် နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
### ဦးဘမြင့်(ရွှေပြည်ဧ)တွံတေး
### အသက်(၈၂)နှစ်
**ဦးစီးမှူး၊ငါးလုပ်ငန်းဦးစီးဌာန(ငြိမ်း)**
**တွံတေးမြို့နယ်အသင်း**
**ရာသက်ပန်အသင်းဝင်**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ မင်းပိုင်းရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၃၃၅)နေ (ဦးဘိုးအေး-ဒေါ်လှစိန်)တို့၏သား၊ (ဦးချစ်လွင်-ဒေါ်အေးကြည်)တို့၏ သားသမက်၊ ဒေါ်မြကြွေ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်မင်းလက်-မဥမ္မာမြင့်(အမက၊ မဗေဒါ)၊ မပပမြင့်၊ ကိုမျိုးမြင့်-မနီလာမြင့်၊ ကိုနေဝမ်း-မမြကလျာခိုင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၄-၅-၂၀၁၃ (စနေနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၃ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် တွံတေးမြို့၊ ရှမ်းသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၁၃(သောကြာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးဝင်းကြည်
### အသက် (၅၃)နှစ်
**မြန်မာ့စီးပွားရေးဘဏ်၊တာမွေဘဏ်ခွဲ**

ရန်ကုန်မြို့နေ (ဦးစံသိန်း-ဒေါ်ထားရီ)တို့၏သား၊ တိုက်ကြီးမြို့နေ (ဦးထွန်းရှိန်-ဒေါ်ပုသန်း)တို့၏သားသမက်၊ (ဦးလှသိန်း)၊ ဦးလှငြိမ်းတို့၏ညီ၊ ဦးဝင်းရီ၊ ဒေါ်တင်တင်ရီ၊ ဒေါ်တင်တင်လှ၊ ဦးမြင့်စိုး၊ ဒေါ်မြမြသိန်းတို့၏အစ်ကို၊ မမိုးမိုးအေး၊ မလဲ့လဲ့ခိုင်၊မောင်အောင်သူ၊ မောင်ဇော်ဇော်မင်းတို့၏ချစ်လှစွာသောဖခင်၊ မြေးလေးယောက်၏အဘိုး၊ ဒေါ်ကြည်ဝင်း၏ ခင်ပွန်းသည် ၃-၅-၂၀၁၃ရက် ည ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အမှတ်(၃၄၀)၊ မာန်ပြေ (၈)လမ်း အနောက်၊ သာကေတမြို့နယ်၊ ရန်ကုန် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်သင်းသင်းဦး(ခ)ဒေါ်ဖြူဖြူ
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ် (၃)ရပ်ကွက်၊ ဘိုခြံလမ်း၊ အမှတ်(၆၀၉)နေ(ယစ်မျိုးဝန်ဦးဘသင်-ဒေါ်ခင်သန်း)တို့၏သမီး၊ (မြူနီစီပယ်စက္ကရီတရီ ဦးဘဟန်-ဒေါ်ရွှေဆင်)တို့၏သမီးချွေးမ၊ [ဗိုလ်မှူးကြီးညွှန့်ဟန်(ငြိမ်း)]၏ ဇနီး၊ [ဒေါ်ခင်သန်း (ဆလက-ငွေစာရင်း)] ရဲမှူးကြီးဦးခင်ဟန်(ငြိမ်း)- (ဒေါ်ခင်ဆွေမြ)၊ (ဒေါက်တာမြင့်အောင်)-ဒေါ်ဥမ္မာဟန်တို့၏ညီမ/အစ်မ၊ ဦးသင်းထွဋ်ဟန် (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်မာမာအောင်၊ (ဗိုလ်မှူးထူးအောင်ဟန်)-ဒေါ်ထွေးထွေးရီ (ဦးစီးအရာရှိ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာန)၊ ဦးဌေးဝင်းအောင် (အထွေထွေမန်နေဂျာ၊ အမှတ်-၂၄၊ အကြီးစားစက်ရုံ၊ ဒဂုံ)-ဒေါ်လှစန္ဒာဟန်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၃-၅-၂၀၁၃ (သောကြာနေ့) ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးတိုက်စိန် (၉၆)နှစ်
**မော်ကွန်းဝင်(ပထမဆင့်)**
**ဘုတလင်မြို့နယ်**
**ပြည်သူ့လွှတ်တော်အမတ်ဟောင်း**

ဘုတလင်မြို့၊ မြဝတီရပ်ကွက်နေ ဦးတင်မောင်ဦး၊ ဒေါ်ခင်စိုးဝင်းတို့၏ ဖခင်၊ ဒေါက်တာဇေလှိုင်ဦး M.B,B.S(Ygn) First Year M.Med.Sc (Surgery)၊ မောင်ဇေလှိုင်တိုး (Second Year University of Dental Medicine Mandalay)၊ မအေးခင်ဖြိုး (Second Year UFL Mandalay)တို့၏ အဘိုးသည် ၁-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၃ (ကြာသပတေးနေ့)တွင် ဘုတလင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### ချောင်ဝီဖူ(ခ)ဦးတင်ဝင်း
### အသက်(၉၁)နှစ်
**ဟောင်ကောင်မုန့်တိုက်(ပြည်)**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နေ [မောင်တင်ဦး(ခ)ကင့်ဖို]-ဒေါ်ငွေငွေဝင်း၊ ဦးတင်လတ်(ခ)ကင့်ဖာ-ဒေါ်သန်းရင်၊ (ဦးကိုလေး(ခ)ကင့်ချိုင်)၊ ဒေါ်ခင်သန်းဝင်း၊ ဒေါ်လှလှဝင်း၊ ဒေါ်ဖြူဖြူလေးတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘိုး ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေကူရပ်၊ အမှတ်(၂၉၇)၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ (ဟောင်ကောင်)မုန့်တိုက်နေ ဦးတင်ဝင်း(ခ)ချောင်ဝီဖူသည် ၂၄-၄-၂၀၁၃ရက် နံနက် ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၃ ရက် ညနေ ၃း၃၀ နာရီတွင် ပြည်မြို့၊ အေးငြိမ်းသာသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်း သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊
### ဝါးခယ်မမြို့မဟာစည်သာသနရိပ်သာ ဆွမ်းစားကျောင်း ဒါယိကာမကြီး
### ဒေါ်ကြည်စိန် (၈၆)နှစ်

ဝါးခယ်မမြို့၊ အမှတ်(၆၃)၊ မြူရုံးလမ်း၊ စာရေးကုန်းနေ ဦးထွန်းလှ-ဒေါ်စောမြတို့၏ သမီး၊ (ဦးကျော်မြင့်)၏ ဇနီး၊ ဦးဝင်းနိုင်၊ ဒေါ်အေးအေးသန်း၊ ဦးစိုးသိန်း၊ ဒေါ်ခင်ဆွေမြင့်၊ (ဦးဉာဏ်ကျော်)၊ ဒေါ်ခင်စမ်းဝင်း၊ (ဦးစိုးသိမ်း)၊ ဒေါ်နွဲ့နွဲ့ရီ၊ ဦးမြင့်သန်း၊ ဒေါ်သီတာမြင့်၊ ဒေါ်နီလာမြင့်တို့၏မိခင်၊ ဦးအုန်းရွှေ၊ ဒေါ်ခိုင်ဝင်းသူ၊ ဦးခင်မောင်ဦး၊ ဒေါ်ဖြူနွယ်ဝင်း၊ ဦးမင်းသန့်၊ ဒေါ်သန္တာလင်း၊ ဒေါ်ယဉ်မျိုးသိန်း၊ ဒေါ်ဆွေဇင်မြင့်၊ ဦးတေဇာဉာဏ်ကျော်၊ ဒေါ်ခိုင်နွယ်မျိုးအောင်၊ ဗိုလ်မှူးကျော်စွာဉာဏ်ကျော်၊ ဒေါ်ခိုင်ဇင်ယု၊ ဒေါ်အေးငြိမ်းသူ၊ ဒေါ်သန့်ဇင်သူ၊ ဦးကျော်ဉာဏ်၊ ဦးမျိုးမင်းသိမ်း-ဒေါ်နိုင်နိုင်ကို၊ ဗိုလ်ကြီးဝေဖြိုး၊ ဦးအောင်ဇော်မင်း၊ ဒေါ်သန္တာကြွယ်၊ ဦးသန်းထိုက်အောင်၊ ဒေါ်မျိုးပပ၊ မအေးအေးခိုင်တို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွား ဒေါ်ကြည်စိန်သည် ၃-၅-၂၀၁၃(သောကြာနေ့) နံနက် ၆း၂၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ဝါးခယ်မမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
### ဒေါ်စောကြည် (၇၃)နှစ်
**(အလယ်တန်းပြ-ငြိမ်း)၊ တောင်ငူ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၃၃)၊ အခန်း(၆)၊ (၁၆၄)လမ်းနေ ဦးအောင်မြင့် (တိုင်းမန်နေဂျာ-ငြိမ်း၊ မြန်မာ့မီးရထား)၏ ဇနီး၊ ဆရာတော် ဦးတိက္ခောဘာသ (ဝဋ္ဋကြေးတော်ပြေ ပရိယတ္တိပညာဒါနကျောင်း)၏မယ်တော်၊ မောင်ဇော်ဝင်းအောင်၊ မောင်ထင်လင်းအောင် (အငယ်တန်းအင်ဂျင်နီယာ၊ မီးရထား)၊ မခင်ခင်သန့် (လ/ထ ကထိကနည်းပညာတက္ကသိုလ်ဟသ်ာတ)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၃-၅-၂၀၁၃(သောကြာနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဝဏ္ဏသာမိ မဟာထေရ်
## သိက္ခာတော်(၈၁)ဝါ၊ သက်တော်(၁၀၁)နှစ်

ကျောက်ဖြူခရိုင် စနဲပိုင် ငပြေမရွာ ငပြေမကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တဝဏ္ဏသာမိသည် (၁၃၇၅ခု၊ တန်ခူးလပြည့်ကျော် ၇ရက်) ၂-၅-၂၀၁၃(ကြာသပတေးနေ့) ညနေ ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

## ဒေါ်ခင်စိန်(ခ)ဒေါ်ချွေးမ(ကံဘဲ့) (၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ်(၂၃၈)နေ (ဦးချစ်လှ-ဒေါ်သန်းရင်)တို့၏ သမီး၊ (ဦးပု-ဒေါ်ခင်မြင့်)တို့၏ သမီးချွေးမ၊ (ဗိုလ်မြင့်လှိုင်)၏ ဇနီး၊ ဦးစိုးဝင်း-ဒေါ်မြင့်မြင့်ရီ ဦးမြင့်ဟန်-ဒေါ်စန်းစန်းရီ (ဦးစစ်လှိုင်)-ဒေါ်တင်နွဲ့၊ ဒေါ်တင်မြ (ဦးတိုးလှိုင်)၊ ဦးသန်းလှိုင်-ဒေါ်နုနုဝင်း၊ ဦးမောင်လွင်-ဒေါ်ဝင်းဝင်းရီ (ဦးမင်းလှိုင်-ဒေါ်သက်သက်ခင်)၊ ဦးဖိုးသစ်-ဒေါ်ပြုံးပြုံးရီ (ဒေါ်လွင်လွင်ရီ)၊ ဦးကျော်စိုးလင်း-ဒေါ်လဲ့လဲ့ရီ ဦးတင်ထွဋ်လှိုင်-ဒေါ်လွင်လွင်ယု၊ ဦးထွန်းခင်အောင်-ဒေါ်နွဲ့နွဲ့ရီတို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၃-၅-၂၀၁၃(သောကြာနေ့) နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကွန်ပါ(မုဒုံ)
## အသက်(၈၁)နှစ်

မုဒုံမြို့၊ အမှတ်(၆)၊ အောင်ချမ်းသာလမ်းနေ ဒေါ်အေးရှင်၏ခင်ပွန်း၊ ဦးကျော်ရွှေ (Air KBZ)-ဒေါ်သန်းသန်းဌေး၊ ဗိုလ်မှူးကြီးကျော်သန်း၊ ဒေါ်ချယ်ရီဦး၊ (ဦးဇော်မိုး)-ဒေါ်ခင်မေသက်၊ ဦးသန်းစိုး-ဒေါ်သက်မော်၊ ဒေါ်ခင်အေးမော်၊ ဦးအောင်မျိုး(စင်ကာပူ)-ဒေါ်ဝါဝါဝင်း၊ ဦးမောင်အောင်-ဒေါ်ညိုညိုဝင်း၊ ဦးမျိုးဇော်-ဒေါ်ဇင်သူမွန်၊ ဦးတင်လင်း-ဒေါ်နွဲ့ယဉ်ဝင်းတို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုး ဦးကွန်ပါသည် ၄-၅-၂၀၁၃(စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မုဒုံကန်ကြီးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးနေမျိုးထွန်း (၅၁)နှစ်
**AGTI(EP) လက်ထောက်အင်ဂျင်နီယာ**
**(MAPT-စီးပွား/ကူးသန်း)**

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ စခန်းလှနေ ဦးအေးငြိမ်း-ဒေါ်မြမေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်နေ ဦးလှမြင့်-ဒေါ်ခင်မြင့်တို့၏ သားသမက်၊ ဦးပိုင်(ရွှေပန်းထိမ်)-ဒေါ်မြအုန်း၊ ဒေါ်ခင်စိန်ဝင်းတို့၏တူ၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ (MAPT)ဝန်ထမ်းအိမ်ရာ(ဂျပန်စက်ဝင်း)နေ ဒေါ်ညိုမိသက်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော့မှူးသူ (JE)M.M.M.C ၊ (CD35/CE33)တို့၏ မွေးသဖခင်သည် ၃-၅-၂၀၁၃(သောကြာနေ့) ည ၁၁း၁၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၅-၅-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ရေကြည်မြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်သန်းခင် (၉၄)နှစ်
**(အင်းရဲ၊ ကျုံပျော်)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ (တောင်ပိုင်း)သုမန(၂)လမ်း၊ အမှတ်(၃၆၀)နေ(ဦးတင်မြင့်)၏ဇနီး၊ ဦးလှခိုင်၊ ဦးဇော်ဝင်း၊ ဒေါ်သိင်္ဂီမြင့်၊ ဦးရဲထွန်းတို့၏မိခင်သည် ၃-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃ (တနင်္ဂနွေနေ့ ) နံနက် ၁၁ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
### ကိုဇော်လင်းဦး (၄၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၃၇)၊ (၄၈)လမ်းထောင့်နေ ဦးဗွိဒိုရာဆာမိ- VEELAMMAL (ခ) ဒေါ်သိန်းသိန်းဦးတို့၏သား၊ ဒေါ်သန်းသန်းဌေး၏ခင်ပွန်း၊ မနန္ဒာမင်း၊ အောင်အောင်ကြည်မင်း၊ မစုစန္ဒီလင်းတို့၏ မွေးသဖခင် ကျေးဇူးရှင်သည် ၂၇-၄-၂၀၁၃(စနေနေ့) မြန်မာစံတော်ချိန် ည ၁၁း၄၇ နာရီတွင် ထိုင်းနိုင်ငံ BUMRUNGRAD ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၃ (တနင်္ဂနွေနေ့) ည ၉း၃၀ နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၁၃(သောကြာနေ့) နံနက် ၁၀ နာရီမှ ၁၂နာရီအထိ အမှတ်(၇၆/၈၀)၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စရီဘုသ်နာသ်မဟာဒေဝ် ဘုရားကျောင်းတွင် ရက်လည်ဆွမ်းကျွေးအလှူသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
### ဦးသံချောင်း (၈၅)နှစ်
**မိသားစု ကြက်မွေးမြူရေးနှင့်**
**ကြက်သားဖောက်လုပ်ငန်း(အင်းစိန်)**

၂-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် အမှတ်(၂၃) လှိုင်မြစ်လမ်း၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန် (သန့်စင်စတိုး)သို့ နံနက် ၇နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
### ဒေါ်ကြာဖံညို (၇၆)နှစ်
**(မြောင်းဘွေ၊ စစ်တွေ)**

(ဦးဘဖြူ ဒေါ်စိန်ကျော့ဦး)တို့၏ သမီး၊ (ဦးမောင်ဖြူ ဒေါ်ကြာညို)တို့၏ သမီးချွေးမ၊ ဦးကျော်သာ (ကုန်သည် စစ်တွေ)၏ဇနီး၊ ဦးစံညွှန့်-ဒေါ်ခင်စောဝေ၊ ကိုမောင်ဝင်း - မဝေ (အထည်ဆိုင်၊ မင်္ဂလာဈေး)၊ (ဦးမောင်တင်ရွှေ)-ဒေါ်မနှင်းစိန်(ကုန်စုံဆိုင်၊ အာသောကဈေး)၊ ဦးစန္ဒာဝရ၊ ဒေါ်မသန်းရွှေ-ဦးသန်းထွန်း (ကုန်သည်၊ မန္တလေး)၊ ဒေါ်သန်းသန်းဌေး-ဦးလှဝင်းမောင် (EE, MAERSK LINE)တို့၏ မွေးသမိခင်၊ မြေး ၁၀ ယောက်တို့၏ အဘောင်ရှင်သည် ၄-၅-၂၀၁၃(စနေနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၃(တနင်္လာနေ့) ညနေ ၄ နာရီတွင် ကျိုက်စုသုသာန်၌ မီးသဂြိုဟ်ပါမည်။ [အမှတ်(၂၂)၊ အခန်း(၁၀၂)၊ မြမင်္ဂလာလမ်း၊ စစ်တောင်းရိပ်မွန်၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

## ကင်ညာတွင် မိုးသည်းထန်စွာရွာသွန်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်

## လူ ၇၄ ဦးသေဆုံး၊ ၉၉၀၀၀ ကျော် အိုးအိမ်မဲ့ဖြစ်

ကင်ညာနိုင်ငံတစ်ဝန်းရှိ ဒေသအတော်များများတွင် မေ ၃ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် အနည်းဆုံး လူ ၇၄ ဦးသေဆုံး၊ ၁၉ ဦးဒဏ်ရာရရှိပြီး ၉၉၀၄၃ ဦးမှာ အိမ်ရာများကိုစွန့်ခွာထွက်ပြေးသွားခဲ့ရကြောင်း လူသားချင်းစာနာထောက်ထားမှု အေဂျင်စီတစ်ခုက ပြောကြားသည်။

ကင်ညာကြက်ခြေနီအဖွဲ့က ယခုလတ်တလောအခြေအနေထိ ရီဖစ်ကျေးရွာတွင် လူ ၄၀၊ ကင်ညာနိုင်ငံ အရှေ့ပိုင်းတွင် ၂၁ ဦး၊ ကမ်းရိုးတန်းဒေသများတွင် ခုနစ်ဦး၊ ကင်ညာနိုင်ငံအနောက်ပိုင်းဒေသတွင် လေးဦးနှင့် အလယ်ပိုင်းဒေသတွင် နှစ်ဦးသေဆုံးသွားပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

“နန်ဒီဒေသ(ရီဖစ်ကျေးရွာ)မှာ မြေပြိုမှုတွေလည်းဖြစ်ပွားမယ့်အလားအလာရှိပါတယ်။ အခြေအနေကိုတော့ မခန့်မှန်းနိုင်သေးပါဘူး။ ဒေသခံတွေအန္တရာယ်ကင်းရှင်းဖို့အတွက် မြေအောက်ခန်းတွေမှာမနေကြဖို့ အကြံပြုထားပါတယ်”ဟု ကြက်ခြေနီအဖွဲ့က ပြောကြားသည်။

ရေကြီးရေလျှံမှုများကြောင့် ပညာရေးအဆောက်အအုံများ၊ စိုက်မြေများအစရှိသည့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးသွားခဲ့သည်။ နိုင်ငံတစ်ဝန်း ဒေသအတော်များများ ဖြစ်ပွားပြီး အထူးသဖြင့် ကမ်းရိုးတန်းဒေသများနှင့် အနောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။ **(အောက်ပုံ)**

နောက်ဆုံးသတင်းအချက်အလက်များအရ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ချုပ်က ကင်ညာကြက်ခြေနီအဖွဲ့ကို ထောက်ပံ့ကူညီရန် နိုင်ငံတကာအသိုင်းအဝိုင်းသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၈ သန်းကျော် ထောက်ပံ့ကူညီရန် မေတ္တာရပ်ခံထားသည်။ **(ဆင်ဟွာ)**



## မုံရွာလေပြင်းဒဏ်ကြောင့် ထွက်လာသောအမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်

**မုံရွာ မေ ၄**

မေ ၂ ရက် ညနေပိုင်းက တိုက်ခတ်ခဲ့သော လေပြင်းကြောင့် ပျက်စီးသွားသော သစ်ကိုင်းများ၊ အမှိုက်များကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အခြေစိုက်အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယတိုင်းမှူးတို့ဦးစီး၍ တပ်ရင်း၊ တပ်ဖွဲ့တို့မှ တပ်သား ၁၃၅ ဦးခန့်သည် မုံရွာမြို့ ကျောက္ကာလမ်း၊ သာစည်လမ်း၊ ပေ (၈၀) လမ်းနှင့် မြဝတီရပ်ကွက်၊ သလ္လာရပ်ကွက်၊ ဘုန်းစိုးရပ်ကွက်များအတွင်း မေ ၄ ရက်တွင် သန့်ရှင်းရေးများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အဆိုပါတပ်ရင်းတပ်ဖွဲ့များ **(အပေါ်ပုံ)**နှင့်အတူ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ဆောက်လုပ်ရေးမှ ဘူဒိုဇာကြီးများ၊ ရပ်ကွက်နေ ဒေသခံများစုပေါင်း၍ လမ်းကြိုလမ်းကြားများပါမကျန် အပျက်အစီးများမှ ထွက်လာသော အမှိုက်သရိုက်များကို ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

မေ ၂ ရက်က တိုက်ခတ်ခဲ့သော လေပြင်းကြောင့် မုံရွာမြို့လူဦးရေထူထပ်များပြားသော သလ္လာရပ်ကွက်တွင် သလ္လာအမက(၁၄) နှစ်ထပ်ကျောင်းဆောင်ရှေ့ပိုင်း သွပ်မိုးများပျက်စီးခဲ့ပြီး အလက(၉)ပင်မဆောင်ရှေ့ဘယ်ညာ အပေါ်ထပ်ခေါင်မိုးများလန်ခြင်း၊ ဆက်သွယ်ရေးအော်တိုအိတ်ချိန်းရုံးအမိုးလန်ခြင်း၊ အောင်ဇေယျလမ်းကွန်ကရစ်မီးတိုင် ၁၅ တိုင်လဲကျခြင်း၊ ရပ်ကွက်အတွင်း တယ်လီဖုန်းကွန်ကရစ်တိုင် ၃၀ ခန့်ကျိုးပြတ်လဲကျခြင်း၊ ဗန္ဓုလလမ်းရှိ မီးတိုင် သုံးတိုင်၊ ပေ (၈၀) လမ်းတွင် မီးတိုင်တစ်တိုင်၊ အနော်ရထာလမ်း(ရေကူးကန်လမ်း)တွင် သစ်သားတိုင်ငါးတိုင်ခန့် ယိုင်လဲခဲ့ပြီး မဟာဝံသဘုရားနှင့် ကြံတိုင်းအောင်ဘုရား ထီးတော်အနည်းငယ်တိမ်းစောင်းသွားခဲ့ကြောင်း သလ္လာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းထံမှ သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

## ဘုန်းတော်ကြီးကျောင်းသစ် ဆောက်လုပ်ရာတွင် မြေကျင်းတူးရာမှ ငွေဒင်္ဂါးများတွေ့ရှိ

**ချောက် မေ ၄**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျောက်ရဲကျေးရွာ အောင်ဇေတဝန်ကျောင်းတိုက်တွင် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မြေကျင်းတူးရာမှ ငွေဒင်္ဂါးပြားများတွေ့ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ကျောက်ရဲကျေးရွာ အောင်ဇေတဝန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘနက မူလကျောင်းမှ ပေ ငါးဆယ်အကွာတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် လိုင်းကျင်းများတူးရာ ဧပြီ ၂၆ ရက်က မြေအိုးငယ်တစ်လုံးတွေ့ရှိပြီး ယင်းအိုးအတွင်းမှ ငွေဒင်္ဂါးပြားများတွေ့ရှိရာ ရတနာပုံခေတ် ဒေါင်းတံဆိပ်ပါ ဒင်္ဂါးပြားများ၊ ဗစ်တိုးရီးယားတံဆိပ်ပါ ငွေဒင်္ဂါးပြား ၁၅ ပြား (၁၈၄၀ ခု)၊ ဗစ်တိုးရီးယား ဆံဗင်းကင်းတံဆိပ်ပါ ငွေဒင်္ဂါးပြား ၂၆ ပြား (၁၉၀၃ မှ ၁၉၀၈ ခု)၊ ဂျော့ကင်းတံဆိပ်ပါငွေဒင်္ဂါးပြား ၁၀ ပြား (၁၉၀၃ မှ ၁၉၁၂ ခု)၊ ဗစ်တိုးရီးယား ကွင်းတံဆိပ်ပါ ငွေဒင်္ဂါးပြား ၁၅၃ ပြား (၁၈၆၂ မှ ၁၉၀၀ ခု) စုစုပေါင်း ငွေဒင်္ဂါးပြား ၂၀၆ ပြား တွေ့ရခဲ့ပါသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖





## ပြည်သူလူထု အသိပညာရှိမှ မီးဘေးအန္တရာယ် ကျဆင်းမည်

## မီးငြိမ်းသတ်မှုပညာများ လူထုအတွင်းစိမ့်ဝင်ရန် ပထမဆုံးသင်တန်း စတင်စီစဉ်

မီးလောင်ကျွမ်းမှုများ လျော့နည်းကျဆင်းစေရန် လူထုအတွင်း အသိပညာများပေးကာ လေ့ကျင့်လုပ်ဆောင်ပေးမှုမှာ အဓိကကျသည်။ ထို့ကြောင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်အနေဖြင့် မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေး အသိပညာပေးရေးဌာနတွင် သင်တန်းများဖွင့်ခြင်း၊ ပညာပေးခြင်း၊ ပြခန်းများပြသခြင်း တို့ဖြင့် စီစဉ်ထားရှိမှုများအတွက် အဆိုပါလေ့ကျင့်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ပြီး ပညာပေးမှုများတွင် ပါဝင်ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ရဲသူရိန် ဦးသင်းဌေးရွှေနှင့် တွေ့ဆုံကာ လေ့ကျင့်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မေးမြန်းဖြစ်ခဲ့သည်များကို ရေးသားဖော်ပြလိုက်ပါသည်။

**တွေ့ဆုံမေးမြန်း-ထက်ခိုင်(စမ်းချောင်း)**

မေး။ ။ အခုဒီမှာ ဘယ်လိုသင်တန်းမျိုးတွေပေးပြီးတော့ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးမှု အစီအစဉ်တွေကို စီစဉ်ထားပါသလဲ။

ဖြေ။ ။ မီးဘေးအန္တရာယ်နဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာများ လူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေဖို့ အသိပညာပေး အစီအစဉ်အဖြစ် မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager) သင်တန်းကို စီစဉ်ဖွင့်လှစ်တာဖြစ်ပါတယ်။ ဒီဌာနမှာတော့ ပြည်သူတွေကို အသိပညာပေးမယ်၊ **စာမျက်နှာ ၈ ကော်လံ ၄ သို့** ○

**ယနေ့ မာတိကာ**

သဘာဝဘေး ကာကွယ်ပေး — စာမျက်နှာ - ၂

ဂိမ်းကစားခြင်းက သက်ကြီးပိုင်းများ မှတ်ဉာဏ်တိုး — စာမျက်နှာ - ၅

ကျွန်တော်တွေ့ခဲ့ဖူးသော မလေးရှား သစ်လုပ်ငန်းရှင်ကြီးတစ်ဦး — စာမျက်နှာ - ၆

ရွှေကိုမလို ရေကိုလိုသူများအတွက် ဝမ်းမြောက်ဖွယ် — စာမျက်နှာ - ၉

